mgyoe.com

SAMPLE BOOK

တင်မောင်မြင့်

# ချစ်စေသောဂျွန်



**The multi-million-copy international bestselle**

*Dear John*

cholas Sparks


mgyoe.com

mgyoe.com SAMPLE BOOK

# Dear John

## Nicholas Sparks





ISBN 978-99986-52-36-1
K0524
9 789998 652361 >

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ခင်၊ ကံ့ကော်ဝတ်ရည်စာပေ<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - ဇန်နဝါရီလ ၊ ၂၀၁၈ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ်နှင့်<br>အတွင်းပုံနှိပ် | - ဦးလင်းဇာနည်၊ သီရိဂူထဲဝေပုံနှိပ်တိုက်(၀၁၄၃၇)<br>၃၂၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - ဘဇွေးကြည် |
| တန်ဖိုး | - ၁၂၀၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

# တင်မောင်မြင့်

# ချစ်သော လျှန်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

www.facebook.com/KantKawWutYeePublishing

တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



## Nicholas Sparks

စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ထုတ်လုပ်သူ နီကိုလပ်စ်စပတ်စ်ကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နီဘရာစကာပြည်နယ်၊ အိုဟာမာမြို့၌ မွေးဖွားသည်။ ၁၉၈၈ ခုနှစ်တွင် နော်တာဒမ် တက္ကသိုလ်မှ ဘွဲ့ရသည်။

The Note Book ကို သူ အသက် နှစ်ဆယ်အရွယ်တွင် ရေးသားခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ထုတ်ဝေသည်။ One of the most beloved story teller ဟူ၍ ဟုန်းခနဲ နာမည်ကြီးသွားသည်။ ယခုအချိန်အထိ စုစုပေါင်းဝတ္ထု ၁၈ အုပ် ရေးသားထုတ်ဝေခဲ့ပြီး ထိုအထဲမှ ၁၁ အုပ်ကို ရုပ်ရှင်ရိုက်ကူးခဲ့ပြီးဖြစ်သည်။ All of his books have been New York best seller စာရင်းဝင်သည်။ နိုင်ငံတကာတွင် စုစုပေါင်း ၁၀၅ သန်း ရောင်းရပြီး နိုင်ငံပေါင်း ၅၀ တွင် ဘာသာပြန်ဆိုခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု တစ်ခုတည်းတွင် အုပ်ရေ ၇၅ သန်း ရောင်းရသည်။

သူနှင့် ဇနီးဖြစ်သူ ကေသီစပတ်စ် နေခဲ့သည့် နယူးဘန်း အထက်တန်းကျောင်းသို့ ဒေါ်လာ သိန်း ၉၀ လှူဒါန်းသည်။ ကေသီက အားကစား

mgyoe.com

mgyoe.com SAMPLE BOOK

ကွင်းအတွက် ဆယ်သိန်းလှူသည်။ လင်မယားကွဲကြသည့်အခါတွင်မှ 'The King of Love Story Teller နှင့် ကေသီတို့ လမ်းခွဲကြပြီ' ဟု မီဒီယာများက သတင်းပေး ရေးသားကြသည်။

ရုပ်ရှင်ရိုက်ရသည့် ၁၁ ကားတွင် The Note Book သည် လူကြိုက်အများဆုံးကားဖြစ်ပြီး စုစုပေါင်း ဒေါ်လာ ၁၁၅၆ သိန်း ဝင်ငွေ ရရှိခဲ့သည်။ A Classic Hollywood Film က The Multi-Millon-Copy International best seller ဟု ကြော်ငြာပြီး ကမ္ဘာကို ဖြန့်သည်။ Ryan Gosling က နိုဝါအဖြစ် လည်းကောင်း Rachel Mc Adams က အယ်လီအဖြစ် လည်းကောင်း သရုပ်ဆောင်ကြသည်။

နီကိုလပ်စ်၏ ဝတ္ထုများကို ဖတ်ကြည့်ပြီး ကြိုက်သဖြင့် The Note Book ကို 'အချစ်မှတ်တမ်း' နာမည်ဖြင့် ပြန်ဆိုဖြစ်ခဲ့ပြီး ဩဂုတ်လအတွင်း ကုံကော်ဝတ်ရည်က ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ Dear John ကို 'ချစ်သောဂျွန်' အမည်ဖြင့် ကုံကော်ဝတ်ရည်အတွက် လည်းကောင်း၊ A Walk to Remember ကိုတော့ 'ချစ်သူတို့လျှောက်သော မင်္ဂလာခြေလှမ်းများ' အမည်ဖြင့် ဒဏ္ဍာရီစာအုပ်တိုက် (မန္တလေး) အတွက် လည်းကောင်း ကျွန်တော် ဘာသာပြန်ဆိုခဲ့ပါသည်။

နီကိုလပ်စ်သည် လူငယ်စာရေးဆရာဖြစ်၍ သူ့ဝတ္ထုတွေကို ပေါ့ပေါ့ပါးပါးဟု ထင်စရာ ရှိပါသည်။ ဟုတ်ပါသည်၊ **စာအုပ်ကလေးတွေက ပေါ့ပေါ့နှင့် ပါးပါးကလေးတွေပါပဲ။ ဒါပေမဲ့ ပေါ့ပြက်ပြက်တော့ မဟုတ်ပါ။ လေးနက်ပါသည်။ ဘယ်လို လေးနက်သည်၊ ဘယ်လောက် လေးနက်သည်ကိုမူ စာဖတ်ပရိသတ်က ဆုံးဖြတ်ကြလိမ့်မည် ဖြစ်ပါသည်။**

အားလုံးကို လေးစားစွာ

**တင်မောင်မြင့်**

mgyoe.com

mgyoe.com SAMPLE BOOK

နိဒါန်း

## လီနီဝါ - ၂၀၁၆ ခုနှစ်

တစ်စုံတစ်ယောက်ကို အချစ်စစ် အချစ်မှန်နဲ့ ချစ်တယ်ဆိုတာ ဘယ်လို အဓိပ္ပာယ်ပါလဲ။

အဲဒီ မေးခွန်းရဲ့ အဖြေကို ကျွန်တော့် ဘဝတစ်ကွေ့မှာ နားလည်ခဲ့တယ်လို့ ထင်ခဲ့မိတယ်။ အဓိပ္ပာယ်ကတော့ ဆာဗာနာဆိုတဲ့ မိန်းကလေးကို ကျွန်တော့်ကိုယ် ကျွန်တော် ချစ်တာထက် ပိုချစ်ခဲ့တယ်ဆိုတဲ့ အချစ်မျိုးပါပဲ။ ကျွန်တော်တို့နှစ်ယောက် နောက်ပိုင်းမှာ ဘဝချင်း ပေါင်းစပ်ခဲ့တယ်လေ။ သူ ကျွန်တော့်ကို တစ်ခါက ပြောဖူးတယ်။ ပျော်ရွှင်မှုရဲ့ အထွတ်အထိပ်ဟာ ဖြစ်လာနိုင်ခြေရှိတဲ့ အိပ်မက်တွေပဲတဲ့။ ဘာမှ ဆန်းကြယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ အခြေခံအားဖြင့်တော့ လက်ထပ် ပေါင်းသင်းမယ်၊ မိသားစုတစ်စု တည်ဆောက်မယ်၊ ဒါပါပဲ။ အဓိပ္ပာယ်ကတော့ ကျွန်တော့်မှာ ပုံမှန်ဝင်ငွေရှိတဲ့ အလုပ်တစ်ခုခု ရှိရမယ်။ ခြံစည်းရိုးဖြူဖြူနဲ့ နေစရာ အိမ်ကလေးတစ်လုံး ရှိရမယ်။ ကလေးတွေ ကျောင်းပို့ဖို့၊ သွားဆေးခန်းပို့ဖို့ ဗင်ကားကလေး တစ်စီး ရှိရမယ်။ သူတို့ကလေးတွေကို ဘောလုံးကွင်းပို့ဖို့၊ စန္ဒရားသင်တန်း ပို့ဖို့လည်း လိုမှာပေါ့လေ။ ကလေးတော့ နှစ်ယောက်၊ သုံးယောက် ယူမယ်။ အဲဒါနဲ့ ပတ်သက်လို့တော့ ဆာဗာနာ သိပ်မပြတ်သားဘူး။ ကျွန်တော် ထင်ပါတယ်။ ဒီကိစ္စကတော့ ဘုရားသခင် အလိုတော်အတိုင်းပေါ့လို့ သူ ပြောမှာပါ။ သူက အဲဒီလို

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းကလေးပါ။ ဘာသာတရား ကိုင်းရှိုင်းသူ ဖြစ်ပါတယ်။ သူ့ကို ကျွန်တော် တွေ့ရတဲ့အထဲမှာ အဲဒီကိစ္စကြောင့်လည်း ပါပါတယ်။ ဘာကြီး ဖြစ်နေ ဖြစ်နေ တစ်နေ့ကုန်လို့ အိပ်ရာဝင်ရင် နှစ်ယောက်သား တစ်ယောက် ရင်ခွင်ထဲ တစ်ယောက်တိုးဝင်ဖို့ ကျွန်တော် တွေးနေမယ်။ စကားတွေ ဖောင်ဖွဲ့မယ်။ ရယ်ရယ်မောမောပေါ့။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် တအား ဖက်ထား မယ်။

အဲဒါတွေက မဖြစ်နိုင်တာတွေ မဟုတ်ပါဘူးနော်။ ဟုတ်တယ် မဟုတ်လား။ နှစ်ယောက်သား ချစ်ကြပြီဆိုရင် ပြောတာပါ။ အဲဒါ ကျွန်တော့် အမြင်သက်သက်ပါ။ ကျွန်တော့်ရဲ့ စိတ်တစ်ခြမ်းကတော့ အဲဒီအတိုင်း ဖြစ်နိုင် လိမ့်မယ်လို့ ယုံချင်နေတယ်။ ဒါပေမဲ့ အဲဒီအတိုင်း ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီတစ်ခါ ဒီကထွက်သွားပြီးရင် ကျွန်တော် ဘယ်တော့မှ ပြန်လာဖြစ်တော့မှာ မဟုတ်ဘူးလေ။

ခုအချိန်မှာတော့ တောင်ကုန်းပေါ်မှာထိုင်ပြီး သူတို့ခြံကို လှမ်းကြည့် နေတယ်။ သူပေါ်လာနိုးနဲ့ပေါ့။ သူ့နေရာက ကျွန်တော့်ကို လှမ်းမမြင်နိုင်ဘူး။ ဘယ်လိုမှ မမြင်နိုင်ဘူး။ တပ်ထဲမှာနေရင်း ပတ်ဝန်းကျင်နဲ့ရောပြီး ကိုယ်ဖျောက် ဖျောက်တဲ့ပညာ ရထားတယ်လေ။ ဒီပညာကိုရအောင် ယူထားရတယ်။ မဟုတ်ရင် အီရတ်သဲကန္တာရထဲမှာ ခွေးသေ၊ ဝက်သေ သေမှာ မဟုတ်လား။ ဒါပေမဲ့ ကျွန်တော် မသေချင်သေးဘူး။ ကာရိုလိုင်းနားမြောက်ပိုင်းက ဒီ တောင်ပေါ်မြို့ကလေးကို ကျွန်တော် ပြန်လာရဦးမယ်။ ဘာတွေဖြစ်နေတယ် ဆိုတာ သိချင်သေးတယ်လေ။ လူတစ်ယောက်ဟာ တစ်ခုခုလုပ်ထားပြီဆိုရင် စိတ်ထဲမှာ မရှင်းတော့ဘူး။ အဲဒီအတွက် နောင်တရချင်လည်း ရနေလိမ့်မယ်။ အမှန်ကို မသိရမချင်းပေါ့လေ။

တစ်ခုတော့ ကျွန်တော် သေသေချာချာ ယုံတယ်။ ကျွန်တော် ဒီနေရာကို ရောက်နေတာ ဆာဗာနာ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး။

လက်တစ်ကမ်းကို ရောက်နေပြီးခါမှ မတွေ့ရတဲ့ အဖြစ်က ကျွန်တော် စိတ်တစ်ခြမ်းကို ရင်ကွဲနာကျလုခမန်း ဖြစ်စေပါတယ်။ ဒါပေမဲ့ သူနဲ့ ကျွန်တော် ရဲ့ ဘဝချင်းက ဝေးကွာခြားနားခဲ့ပါလေပြီ။ အဲဒီ စင်းလွန်းတဲ့ အမှန်တရားကို ကျွန်တော့်အနေနဲ့ လက်ခံဖို့ ခက်နေပါတယ်။ သူနဲ့ ကျွန်တော်ရဲ့ ဇာတ်လမ်းဟာ တစ်သွေးတည်း တစ်သားတည်း ဖြစ်ခဲ့တဲ့ အချိန်တွေတော့ ရှိခဲ့ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒါပေမဲ့ အဲဒါက ခြောက်နှစ်ကြီးများတောင် ကြာခဲ့ပြီ။ ပြီးတော့ ဘ၀နှစ်ခုက ခြားခဲ့ပြီ။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ သတိရစရာတွေက ထောင်ပုံရာပုံ။ ခုတော့ ကျွန်တော် နားလည်ခဲ့ပြီ။ သတိရစရာ ဆိုတာ ထိတွေ့ခံစားလို့ ရတာမျိုးပဲ။ ဒါပေမဲ့ အဲဒီကိစ္စမှာလည်း ဆာဗာနာနဲ့ ကျွန်တော် နားလည်ပုံချင်း မတူကြဘူး။ သူ့အာရုံမှာ အိပ်မက်ဆိုးထဲက ကြယ်တာရာတွေ ဆိုရင် ကျွန်တော်က ဘာမှမရှိတဲ့ လေဟာပြင်။ အပမှီနေတဲ့ အဇ္ဈာ လွင်တီးခေါင်။ နောက်တစ်နေရာမှာလည်း သူနဲ့ မတူပြန်ဘူး။ ကျွန်တော့်မှာ နှိပ်စက်နေတဲ့ မေးခွန်းပေါင်းများစွာ ရှိတယ်။ ကိုယ့်ကိုယ်ကိုယ် အကြိမ် တစ်ထောင်မက ပြန်မေးမိတဲ့ မေးခွန်း။ သူနဲ့ကျွန်တော် နောက်ဆုံး အတူနေခဲ့တဲ့ အချိန်မှာ ကတည်းက မေးခဲ့တဲ့ မေးခွန်း။

ငါ ဘာလို့ ဒီလို လုပ်ခဲ့မိတာလဲ။

ဒါမျိုး ငါ နောက်ထပ် လုပ်မိဦးမှာလား။

တကယ်တော့ အဆုံးသတ်ခဲ့တာက ကျွန်တော်ရယ်ပါ။

ကျွန်တော့်အနားက သစ်ပင်ပေါ်မှာ သစ်ရွက်တွေဟာ မိုးကုပ်စက်ဝိုင်း ပေါ်မှာ မေးတင်လာတဲ့ နေရောင်ကြောင့် အရောင်ပြောင်းစ ပြုနေပြီ။ ငှက်ကလေး တွေ နှုတ်ကြိုတေးကို သီကြွေးနေကြပြီ။ လေထုထဲမှာ ထင်းရှူးနံ့နဲ့ မြေသင်းနံ့က ရောပျံ့မွှေးကြိုင်လို့။ ကျွန်တော့် ဇာတိမြို့ကလေးက ဆားငန်ရေနံ့နဲ့ တခြားစီ ပေါ့လေ။

ဟော... အိမ်ရှေ့တံခါး ပွင့်လာပြီ။ တစ်ပြိုင်တည်းမှာပဲ သူ့ကို လှမ်းမြင်လိုက်ပါတယ်။ အဝေးကြီးပေမယ့် ကျွန်တော် အသက်ရှူရပ်မလို ဖြစ်သွားတယ်။ မနက်ဆည်းဆာထဲကို သူ ထွက်လာတယ်။ အပြင်ရောက်တော့ အညောင်းဆန့်ပြီး ဇက်ကို ဘယ်ညာလှည့် အကြောလျှော့တယ်။ သူ့ရှေ့ နောက်ဝဲယာမှာ မြင်းစားကျက် မြက်ခင်းပြင်ကြီးက တစ်မျှော်တစ်ခေါ်ကြီး။ အစိမ်းရောင်ပင်လယ်ပြင်ကြီး ကျနေတာပဲ။ ခြံတံခါးဝဆီကို သူ ဆက်လျှောက် လာတယ်။

မြင်းတစ်ကောင်က ဟီပြီး သူ့ကို လှမ်းနှုတ်ဆက်တော့ နောက် တစ်ကောင်ကလည်း လိုက်ဟီတယ်။

ပထမဆုံး ကျွန်တော် တွေးမိလိုက်တယ်။ မြင်းတွေအနားမှာ ဆာဗာနာတစ်ယောက် သေးကွေးလွန်းနေသလားလို့။ သူက အေးအေး

mgyoe.com

mgyoe.com SAMPLE BOOK

ဆေးဆေးပဲ လှုပ်ရှားနေတယ်။ မြင်းတွေနဲ့ သူ တစ်သားတည်းလို အထာကျနေလေရဲ့။ ခြံစည်းရိုးနားမှာ မြင်းခြောက်ကောင် အစာစားနေကြတယ်။ တာတိုပြေးမြင်းတွေထဲမှာ မိဒ* တစ်ကောင်လည်း ပါတယ်။ ခြေထောက်ဖြူနဲ့ အာရေဗျ မြင်းနက်ကြီးကတော့ ဟိုးခပ်လှမ်းလှမ်းမှာ တစ်ကောင်တည်း စားနေတယ်။

တစ်ခါတုန်းက သူနဲ့အတူ ကျွန်တော် မြင်းစီးဖူးတယ်။ ကံကောင်းလို့ ဇက်မကျိုးတယ်။ အဲဒီနေ့အကြောင်း ပြန်တွေးကြည့်မိတယ်။ သူက အေးအေးဆေးဆေးပဲ။ မြင်းစီးတာနဲ့ မတူဘူး။ တီဗွီထိုင်ကြည့်နေသလိုပဲ။ သူက မိဒဆီ သွားနှုတ်ဆက်တယ်။ မြင်းရဲ့နှာခေါင်းကို ပွတ်သပ်ပြီး တိုးတိုးပြောနေတယ်။ နောက်မှ တင်ပါးကို ပုတ်ပြီး လှည့်ထွက်သွားတယ်။ မြင်းစာ ဂိုဒေါင်ဘက် လျှောက်သွားတဲ့ သူ့နောက်ကို မိဒက လိုက်ကြည့်နေတယ်။ နားရွက်နှစ်ဖက် ထောင်လို့။

မြင်ကွင်းထဲက ဆာဗာနာ ပျောက်သွားတယ်။ ပြီးမှ အစာပုံးနှစ်ပုံး ဆွဲပြီး ထွက်လာတယ်။ မြင်းစားဂျုံတွေ ထင်ပါရဲ့။ ပုံးနှစ်ပုံးကို ခြံတိုင်နှစ်တိုင်မှာ ချိတ်လိုက်တယ်။ မြင်းနှစ်ကောင် အစာပုံးတွေဆီ ပြေးလာတယ်။ သူက နောက်ဆုတ်ပေးလိုက်ပြီး ဇက်ကြိုးနဲ့ ကုန်းနှီးသွားယူတော့ သူ့ဆံပင်တွေ မနက်ခင်းလေညင်းမှာ လွင့်ဝဲနေတယ်။ မိဒ စားတာစောင့်ရင်း သူက ဇက်ကြိုးတပ်ပြီး ကုန်းနှီးဆင်နေတယ်။

သိပ်မကြာခင်မှာပဲ စားကျက်မြေကနေ သစ်တောထဲဝင်တဲ့လမ်းအတိုင်း သူ စီးလာခဲ့တယ်။ ဟိုးလွန်ခဲ့တဲ့ ခြောက်နှစ်ကအတိုင်းပဲ။ ဘာမှ မပြောင်းလဲဘူး ထင်ရတယ်။ အဲဒီလိုတော့လည်း ဟုတ်မယ် မထင်ပါဘူး။ မနှစ်က သူ့ကို အနီးကပ်တွေ့လိုက်တုန်းက မျက်ကွင်းကလေးတွေ ညိုနေတာပဲ။ အဲဒီတုန်းက ရောင်စုံမှန်ဘီလူးနဲ့ ကြည့်တာ။ ခုထိ အဲဒီပုံ မျက်စိထဲမှာ စွဲနေတုန်း။ ကျွန်တော့်အတွက် သူဟာ အမြဲတမ်း နှစ်ဆယ့်တစ်နှစ်ပဲ ဖြစ်နေမှာပါ။ ကျွန်တော်ကတော့ နှစ်ဆယ့်သုံးပေါ့။ ကျွန်တော်က ဂျာမနီမှာ တာဝန်ကျနေတာပါ။ ဒါပေမဲ့ ဘဂ္ဂဒက်နဲ့ ဖာလူဂျာကို မကြာခဏ သွားရတတ်ပါတယ်။ အဲဒီမှာ သူ့စာတွေ ရောက်လာရင် ဘူတာရုံမှာ ထိုင်ဖတ်ဖြစ်ပါတယ်။ အဲဒီကနေ အိမ်ပြန်ရတော့ ကျွန်တော့်ဘဝ တစ်ဆစ်ချိုး ပြောင်းသွားပါတော့တယ်။

---

* Midas= မိဒဘုရင်၏ နာမည်ကို ယူထားသည်။ (ဂရိနတ်ဘုရားသမိုင်းလာ သူ့လက်နှင့်ထိသမျှအရာ ရွှေဖြစ်သည့်ဘုရင်)

mgyoe.com

mgyoe.com SAMPLE BOOK

အခု ကျွန်တော့်အသက် နှစ်ဆယ့်ကိုးနှစ် ရှိပါပြီ။ ကျွန်တော် ရွေးချယ်ခဲ့တဲ့လမ်းကို ပြန်ကြည့်ပြီး တစ်ခါတလေ အံ့သြနေမိတယ်။ စစ်တပ်ဟာ ကျွန်တော့်အတွက် ခွင်အကျဆုံးဘဝ ဖြစ်ပါတယ်။ အဲဒီလမ်းကို ရွေးမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဆဲရမလား၊ ဂုဏ်ယူရမလား၊ ကျွန်တော် မခွဲခြားတတ်ပါဘူး။ လူတွေက အဲဒီအကြောင်းမေးရင် ကျွန်တော် အင်းမလှုပ် အဲမလှုပ် လုပ်နေတတ်ပါတယ်။ တကယ်လည်း ကျွန်တော် ဘာပြောရမှန်း မသိပါဘူး။ ခုထက်ထိ ကျွန်တော့် မိခင်တပ်ရင်းက ဂျာမနီမှာပါပဲ။ ကျွန်တော့် ဘဏ်စာရင်းမှာ ဒေါ်လာတစ်ထောင်လောက်တော့ စုမိထားပါတယ်။ ဘယ်မိန်းကလေးနဲ့မှ မတွဲဖြစ်တာ နှစ်နဲ့ချီ ကြာခဲ့ပြီ။

ခွင့်ပြန်လာတဲ့အချိန်မှာတောင် ကျွန်တော် လှိုင်းမစီးဖြစ်တော့ဘူး။ အဲ… ဈေးနှင့်နေအောင်ပေးပြီး ဝယ်ထားတဲ့ ဟာလေ မော်တော်ဆိုင်ကယ်လေးနဲ့တော့ စိတ်ပါတဲ့အခါ ကိုးကုန်းကိုးကျင်း အနှံ့လျှောက်စီးဖြစ်တယ်။ အဲဒီဆိုင်ကယ်ကလေးဟာ ကျွန်တော့်လို တစ်ကိုယ်တော် လင်းယုန်တစ်ကောင်နဲ့ အလိုက်ဆုံး၊ အသုံးဝင်ဆုံး စီးတော်ယာဉ်ကလေးပါပဲ။ အပေါင်းအသင်း တော်တော်များများဟာ တပ်က ထွက်ကုန်ကြပါပြီ။ ကျွန်တော်ကတော့ နောက်လလောက်ဆို အီရတ်ကို ပြန်သွားရဦးမယ် ထင်ပါရဲ့။ တပ်ထဲမှာ ဖြစ်နေတဲ့ ကောလာဟလတွေလားတော့ မပြောတတ်ပါဘူး။

ဆာဗာနာလင်းကားတစ်ကို စတွေ့တုန်းက ကျွန်တော့်ဘဝ ဒီလိုဖြစ်သွားလိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ပါဘူး။ ကျွန်တော့်အတွက် သူဟာ အမြဲတမ်း ဆာဗာနာလင်းကားတစ်ပဲ ဖြစ်နေမှာပါ။ စစ်တပ်ဟာ ကျွန်တော့်ဘဝလို့လည်း ခံယူဖြစ်လိမ့်မယ် မဟုတ်ပါဘူး။

မမျှော်လင့်ဘဲ သူနဲ့ တွေ့ခဲ့တယ် ဆိုပါတော့။ အဲဒီမှာ ကျွန်တော်ရဲ့ လက်ရှိဘဝဟာ ထူးထွေတည့်အံ့ရာသောတွေ ဖြစ်ကုန်တော့တာပါပဲ။ ကျွန်တော်တို့နှစ်ယောက်တွေ့ပြီး ချစ်ခဲ့ကြပါတယ်။ နောက်ပိုင်းခွဲခွာနေရတဲ့ အချိန်တွေမှာ ပိုလို့ ပိုလို့ အချစ်ကြီးခဲ့ကြပါတယ်၊ အချစ်သည်းခဲ့ကြပါတယ်။ ကျွန်တော်တို့ ဇာတ်လမ်းမှာ အစရယ်၊ အလယ်ရယ်၊ အဆုံးရယ်လို့ သုံးပိုင်း ရှိခဲ့ပါတယ်။ အခြားအခြားသော ဇာတ်လမ်းများလို ဖြစ်ခဲ့ပေမယ့် ကျွန်တော်တို့ အဖြစ်ဟာ မယုံကြည်နိုင်စရာ ရေပွက်ပမာ ဖြစ်ခဲ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအကြောင်းတွေကို ကျွန်တော် ပြန်ပြောင်း စဉ်းစားပါတယ်။ ချစ်ကြောင်းကုန်စင်တွေကို ကျွန်တော် အားလုံး ပြန်သတိရပါတယ်။ ကကြီး ရေ ကကအစ ပြန်ပေါ်လာတယ်။ ခုတော့လည်း ကျွန်တော့်မှာ သတိရစရာ ဆိုလို့ ဒါကလွဲပြီး ဘာမှ မရှိဘဲကိုး။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

### ဝီလင်တန် - ၂၀၀၀ ပြည့်နှစ်

ကျွန်တော့်နာမည် ဌွန်တိုင်ရီ ဖြစ်ပါတယ်။ ကျွန်တော့်ကို ၁၉၇၇ ခုနှစ်မှာ မွေးပါတယ်။ ကာရိုလိုင်းနားမြောက်ပိုင်း ဝီလင်တန်မှာ ကြီးပြင်းခဲ့ပါတယ်။ ပြည်နယ်မှာ အကြီးဆုံး ဆိပ်ကမ်းမြို့အဖြစ် ဂုဏ်ယူခဲ့ကြရတဲ့ မြို့ကြီးပေါ့။ ပြီးတော့ သမိုင်းတန်ဖိုး ကြီးမားခဲ့တဲ့ မြို့လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပတ်သက်ခဲ့တာက မတော်တဆ အဖြစ်မျိုးနဲ့ပါ။

ရာသီဥတုကောင်းပြီး လှပတဲ့ ပင်လယ်ကမ်းခြေတွေနဲ့ မြို့ကြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းသား ယန်းကီးတွေနဲ့တော့ သိပ်အဆင်မပြေဘူး။ သူတို့က အထက်စီးရထားတဲ့ပုံစံနဲ့ ပေါ်ချောင်ကောင်းနေရာမျိုးတွေကို လိုတဲ့ လူစားတွေလေ။

ကိပ်ဖီးယားမြစ်နဲ့ တစ်ဖက်က ပင်လယ်ကမ်းခြေကြားမှာ မြို့က တည်နေပါတယ်။ မာတဲလ်ကမ်းခြေနဲ့ ချာလက်စတန်ကိုရောက်တဲ့ အမှတ် ၁၇ လမ်းမကြီးက မြို့ကို ဖြတ်သွားပါတယ်။ မြို့ရဲ့ အဓိကရ လမ်းမကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်ငယ်ငယ်က အဖေ့ကားနဲ့ လိုက်သွားတတ်လို့ ရောက်ဖူးတဲ့ လမ်းမကြီးပါ။ ကိပ်ဖီးယားမြစ်ကနေ ဝီလင်တန်ကမ်းခြေကို သွားတဲ့လမ်းဟာ သမိုင်းဝင်လမ်းပါ။ ဆယ်မိနစ်လောက်ပဲ မောင်းရပါတယ်။ လမ်းမှာ မီးပွိုင့်တွေက အများကြီးရယ်။ ကုန်တိုက်ကြီးတွေကလည်း အများကြီး။ ကမ္ဘာလှည့်ခရီးသည်တွေလည်း ရှုပ်ယှက်ခတ်လို့။ ဒါကြောင့် ရုံးပိတ်ရက်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

မှာဆိုရင် တစ်နာရီလောက် မောင်းရတယ်။

ဝီလင်တန်ပင်လယ်ကမ်းခြေဟာ ကမ်းလွန်ကျွန်းကလေး တစ်ခုနဲ့ ဝီလင်တန်မြောက်စွန်းကြားမှာ တည်ရှိပါတယ်။ ကျွန်တော်တို့ ပြည်နယ်မှာရှိတဲ့ တခြားကမ်းခြေတွေနဲ့စာရင် အဝေးဆုံး ကမ်းခြေပေါ့။ ကမ်းခြေအိမ်တွေရဲ့ ဈေးဟာ ကြောက်ခမန်းလိလိ ခေါင်ခိုက်နေပါတယ်။ အိမ်တော်တော်များများဟာ တစ်နှစ်လုံးအတွက် ကြိုငှားပြီးသားတွေ ဖြစ်ပါတယ်။ ကမ်းခြေ မျက်နှာစာဘက် အိမ်တွေက လူကြိုက်ပိုများတယ်။ ပိုပြီး စိတ်ကူးယဉ်လို့ ကောင်းတာကိုး။ လူနေအိမ်ခြေကျဲတယ်။ မြင်းရိုင်းတွေ လာတတ်တယ်။ ပြီးတော့ အောဗီးလ်ရုပ်သေးနဲ့ ဝီလ်ဘာကောမစ်စာစောင်ထွက်တဲ့ နေရာလည်း ဖြစ်တယ်။ ဒါပေမဲ့ အပန်းဖြေခရီးထွက်တဲ့လူတွေ အကြိုက်ဆုံးကတော့ မက်ဒေါနယ်နဲ့ ဘာဂါကင်းစားသောက်ဆိုင်ရှိတဲ့ နေရာတွေပါပဲ။ ကလေးတွေ ပါလာတဲ့ နွေခရီးသည်တွေကတော့ ညနေပိုင်း ပျော်ပွဲရွှင်ပွဲရှိတဲ့နေရာတွေကို ပိုသဘောကျကြပါတယ်။

အခြား အခြားသော မြို့ကြီးများမှာလိုပဲ ဝီလင်တန်မှာလည်း လူချမ်းသာတွေရှိသလို လူမွဲတွေလည်း အများကြီးရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော့် အဖေကတော့ တည်ငြိမ်တဲ့အလုပ်ကို တည်တည်ငြိမ်ငြိမ်လုပ်နေတဲ့ လူတစ်ယောက်ပါ။ သူက စာပို့ကား မောင်းတယ်လေ။ ကျွန်တော်တို့ သားအဖ နှစ်ယောက်အတွက် ကောင်းကောင်းစားနိုင် သောက်နိုင်ပါတယ်။ သိပ်ပိုပို လျှံလျှံတော့ မဟုတ်ဘူးပေါ့လေ။ မချမ်းသာပေမဲ့ ချမ်းသာတဲ့လူတွေနီးပါး ကျွန်တော်တို့ စားနိုင်၊ နေနိုင်ပါတယ်။ မြို့မှာ အကောင်းဆုံး အထက်တန်းကျောင်းကို ကျွန်တော် တက်နိုင်ပါတယ်။ သူငယ်ချင်းတွေရဲ့ အိမ်တွေလို မသားနားပေမဲ့ ကျွန်တော့်တို့အိမ်ဟာ ခပ်သေးသေး အိမ်အိုကြီးတစ်လုံး ဖြစ်ပါတယ်။ ဆင်ဝင်က တစ်နေရာမှာ ညွတ်နေပေမယ့် အိမ်ရှေ့ကွက်လပ်ကလေးနဲ့ ကျက်သရေရှိနေဆဲပါပဲ။ အိမ်နောက်ဖေးမှာ ဧရာမ ဝက်သစ်ချပင်အိုကြီး ရှိတယ်။ ကျွန်တော် ရှစ်နှစ်သားလောက်မှာ 'သစ်ပင်အိမ်' ကလေး တစ်လုံး အပင်ကြီးပေါ်မှာ ဆောက်ပါတယ်။ ဆောက်လုပ်ရေးစခန်း တစ်ခုက သစ်တိုသစ်စတွေ ကောက်ပြီး ဆောက်တာပါ။ အဖေက လုံးဝ ကူမလုပ်ပါဘူး။ သံတစ်ချက် ရိုက်ပေးဖော် မရပါဘူး။

အဲဒီ နွေမှာပဲ ကျွန်တော် ရေလွှာလျှောစီး စသင်ပါတယ်။ အမှန်က

mgyoe.com

mgyoe.com
SAMPLE BOOK

ဘုတ်ပြားကြီးနဲ့ လှိုင်းစီးတာပါ။ အဲဒီ နှစ်မှာပဲ အဖေနဲ့ ကျွန်တော် သဘာဝချင်း လုံးဝ မတူတဲ့အကြောင်း စပြီး သတိထားမိလာပါတယ်။

အဖေနဲ့ကျွန်တော်ဟာ မတူဆုံး လူသားနှစ်ဦးပါပဲ။ သူက မထုံတက်သေး အေးစက်စက်။ ကျွန်တော်က လှုပ်လှုပ်ရှားရှားသမား။ ပြီးတော့ တစ်ယောက်တည်း မနေတတ်ဘူး။ သူက ကျွန်တော့်ကို ပညာတတ်စေချင်လို့ ကျောင်းထားတယ်။ ကျွန်တော်က ကျောင်းဆိုတာ အားကစားတွဲသင်တဲ့ ကလပ်တစ်ခုလို့ပဲ မှတ်တယ်။ သူက လမ်းလျှောက်ရင် ကုပ်ချောင်းချောင်းနဲ့ ခြေထောက်ရှပ်တိုက် လျှောက်တယ်။ ကျွန်တော်က လေထဲဝဲမတတ် ခုန်ပျံ ပြေးလွှားနေတတ်တယ်။ ရှစ်တန်းရောက်တော့ အဖေ့အရပ်ကို ကျွန်တော် ကျော်တက်သွားပြီ။ နောက်တစ်နှစ်ကြာတော့ လက်လှဲရင် အဖေ့ကို ကျွန်တော် နိုင်မှာ သေချာနေပြီ။ အဖေနဲ့ ကျွန်တော့်ကိုယ်နေဟန်လည်း လုံးဝ မတူဘူး။

အဖေ့ဆံပင်က သဲရောင်၊ မျက်လုံးက နီညိုရောင်ဖျော့ဖျော့၊ မျက်နှာမှာ မှဲ့ယင်ချေးဥသက်သက်နဲ့။ ကျွန်တော်က မျက်လုံးရော ဆံပင်ပါ အညိုရောင်။ အသားက သံလွင်ရောင်။ ကျွန်တော်တို့ သားအဖမှာ တူတာဆိုလို့ တစ်ခုမှ မရှိတဲ့အတွက် အိမ်နီးနားချင်းတွေ အောချကြရတယ်လေ။

ဒါပေမဲ့ ကျွန်တော့်ကို အဖေကိုယ်တိုင် ကျွေးမွေးပျိုးထောင်ခဲ့တာပဲ။ ကျွန်တော် နည်းနည်းကြီးလာတော့ အိမ်နီးနားချင်းတွေ လေသံနိမ့်နဲ့ ပြောကြတာ ကျွန်တော် မှတ်မိနေတယ်။ ကျွန်တော် တစ်နှစ်သားလောက်မှာ အမေ အိမ်က ထွက်ပြေးသွားတယ်တဲ့။ အရွယ်ကလေးရလာတော့ ကျွန်တော် စဉ်းစား ကြည့်တယ်။ အမေ နောက်တစ်ယောက်နဲ့ တွေ့ပြီး လိုက်ပြေးသွားတာလား ပေါ့။ အဖေက ဒီအကြောင်း လုံးဝ ပြည်ဖုံးကားချထားလိုက်ပါတယ်။ အမေနဲ့ ပတ်သက်ပြီး တစ်ခုပဲ ပြောဖူးတယ်။ အမေ လက်ထပ်တုန်းက သိပ်ငယ်တယ် တဲ့။ ကလေးတစ်ယောက်မွေးဖို့ အရွယ် မဟုတ်သေးဘူးတဲ့။ အဲဒီ အတွက် အမေ နောင်တရနေတယ်တဲ့။ အမေ့အကြောင်း အဖေ သိပ်မပြောဘူး။ မကောင်းလည်း မပြောဘူး၊ အကောင်းလည်း မပြောဘူး။ တစ်ခုပဲ ကျွန်တော့်ကို မှာထားတယ်။ သူ ဘယ်ရောက်နေနေ၊ သူ ဘာလုပ်လုပ်၊ ဘုရားရှိခိုးတဲ့ အခါ မေတ္တာပို့ရမယ်တဲ့။ တစ်ခါတော့ ဘာစိတ်ကူးပေါက်သလဲ မသိဘူး။ 'သားကိုကြည့်ပြီး သားအမေကို သတိရတယ်' လို့ ပြောတယ်။ ကျွန်တော် ဘာမှ ပြန်မပြောလိုက်ဘူး။ ခုအထိ အမေ့အကြောင်း ကျွန်တော် တစ်ခွန်းမှ

mgyoe.com

mgyoe.com SAMPLE BOOK

မပြောဖူးဘူး။ ပြောချင်စိတ်လည်း မရှိဘူး။ ပြောစရာလည်း မရှိဘူးလေ။

ကျွန်တော့်အထင် အဖေဟာ သူ့ဘဝသူ ပျော်နေပုံပါပဲ။ ဒါပေမဲ့ တက်ကြွလှုပ်ရှားတဲ့ပုံတော့ တွေ့ရခဲ့တယ်။ ကျွန်တော့်ကို ပွေ့ဖက်နမ်းရှုပ်တာမျိုးလည်း မရှိသလောက်ပါပဲ။ ရှိပြန်ရင်လည်း အသက်မပါသလိုပဲ။ သူ့ရင်ထဲက စိတ်လှုပ်ရှားမှုနဲ့ သားကို ထွေးပိုက်တာမျိုး မဟုတ်သလိုပဲ။ ကျွန်တော့်ကို သူ ချစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်။

ဒါပေမဲ့ ကျွန်တော့်ကို မွေးတော့ အဖေ လေးဆယ့်တစ်နှစ် ရှိနေပြီ။ တစ်ခါတလေ ကျွန်တော် စဉ်းစားကြည့်တယ်။ အဖေဟာ ကလေးအဖေ တစ်ယောက်ထက် ဘုန်းကြီးဘဝနဲ့က ပိုသင့်တော်မလားလို့။ ကျွန်တော် တွေ့ဖူးသမျှထဲမှာ အဖေဟာ နှုတ်အနည်းဆုံး လူတစ်ယောက်ပဲ။ ကျွန်တော့်အကြောင်းကိုလည်း မလွှဲမရှောင်သာမှ မေးတယ်။ အဖေ ဒေါသဖြစ်တာ ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး။ ရယ်စရာပြောတာလည်း တစ်ခါမှ မကြားဖူးဘူး။ သူ လှုပ်ရှားနေပုံက စက်ရုပ်တစ်ရုပ်လိုပဲ။

မနက်ထရင် ကျွန်တော့်အတွက် ကြက်ဥမွှေကြော်ရယ်၊ ပေါင်မုန့် ထောပတ်သုတ်ရယ် လုပ်ပေးတယ်။ ညနေစာစားရင်း ကျောင်းက အတွေ့အကြုံတွေပြောပြရင် နားထောင်တယ်။ ညစာကိုလည်း ပုံမှန်အတိုင်း ချက်ပြုတ်ကြော်လှော်တယ်။ နှစ်လ တစ်ခါ သွားဆေးခန်းမှာ ကျွန်တော် စစ်ရတယ်။ စနေနေ့မှာ သွားဆရာဝန်ကို ငွေရှင်းတယ်။ တနင်္ဂနွေနေ့ နေ့လယ်ပိုင်းမှာ ပင်မင်းရွေးရတယ်။ နေ့တိုင်း မနက် ၇း၃၅ မှာ အလုပ်သွားတယ်။ လူမှုဆက်ဆံရေးမှာ အဖေ ညံ့တယ်။ တစ်နေကုန် မြို့ထဲပတ်ပြီး စာထုပ်တွေ တင်ဟယ် ချဟယ် ပို့ဟယ် သယ်ဟယ်နဲ့ အလုပ်ရှုပ်နေတာချည်းပါပဲ။ သူ့မှာ အတွဲရှိတယ်လို့လည်း တစ်ခါမှ မကြားဖူးဘူး။ အပေါင်းအသင်းတွေနဲ့ အားတဲ့အခါ ဖဲကစားတာမျိုးလည်း မရှိဘူး။ အိမ်က တယ်လီဖုန်းဟာ မြည်သံမကြားရသလောက်ပဲ။ မြည်လို့ သွားနားထောင်ရင် တယ်လီဖုန်းရုံးက လိုင်းစမ်းတာဖြစ်ချင် ဖြစ်မယ်။ ဖုန်းမှားဝင်လာတာ ဖြစ်ချင် ဖြစ်မယ်။ သူ့ဝင်ငွေကလေးနဲ့ ကျွန်တော့်ကို ဒီလိုကျောင်းမျိုးမှာ ထားပေးဖို့ မလွယ်ကြောင်း ကျွန်တော် သိလာတယ်။ ဒါပေမဲ့ အဖေ တစ်ချက် မညည်းဘူး။ သူ စိတ်အနှောင့်အယှက်ဖြစ်အောင် ကျွန်တော်လုပ်လည်း အဖေ တုဏှိဘာဝေပဲ။

ညပိုင်းတွေမှာ ကျွန်တော်တစ်ယောက်တည်း အချိန်ဖြုန်းရတာ များပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ အဖေက သူ့အလုပ်ပြီးတာနဲ့ သူ့အကြွေစေ့တွေ ရှိရာ သူ့သီးသန့်ခန်း ကလေးထဲ ဝင်သွားတော့တာပဲ။ သူ့ဘဝမှာ သူဝါသနာအပါဆုံးအလုပ်က ရှားပါးပိုက်ဆံ အကြွေစေ့တွေ စုဖို့လေ။ အခန်းအောင်းပြီး ရှားပါးအကြွေစေ့များ အကြောင်းထုတ်တဲ့ 'ဂရေးရှိ' စာစောင်ကို ဖတ်တယ်။ နောက်ထပ် ဘာ အကြွေစေ့ ဖြည့်ရမယ်ဆိုတာ လေ့လာတယ်။ ဒီရှားပါး အကြွေစေ့စုတဲ့အလုပ် ကို ကျွန်တော့်အဘိုးက စခဲ့တာ။ ကျွန်တော့်အဘိုးရဲ့ ဆရာက ဘော်လ်တီမိုးက လူးဝစ်အဲလီယက်စဘတ်တဲ့။ ဘော်လ်တီမိုးသူဌေး တစ်ယောက်ပေါ့။ အမေရိကန်ပြည်ထောင်စုရဲ့ အကြွေစေ့တွေ စုဆောင်းတဲ့လူတွေထဲမှာ သူ့ လောက် စုံတဲ့လူ မရှိဘူး။ ထုတ်တဲ့ နှစ်မျိုးစုံ၊ ပြည်နယ်မျိုးစုံက အကြွေစေ့ မျိုးစုံ၊ သွန်းတဲ့နေ့စွဲ၊ သွန်းတဲ့နေရာ အားလုံး မှတ်တမ်းမှတ်ရာပါစုံတဲ့ ပုဂ္ဂိုလ်။ အဲဒီ အချိန်မှာ သူနဲ့ ပြိုင်ဘက်တစ်ယောက် စမစ်ဆိုနီယမ်မှာ ပေါ်ပေါက်လာ တယ်။ သူ့ကို မကျော်တောင် ယှဉ်နိုင်တဲ့လူတဲ့။ အဲဒီမှာ ကျွန်တော့်အဘိုးဟာ သူ့အလုပ်ကို သူ့သားနဲ့ တွဲလုပ်ဖို့ စိတ်ကူးရတယ်။ နွေရာသီတွေမှာ ပထမ တန်းစားအကြွေစေ့တွေရဖို့ အရှေ့တောင်ပိုင်းမှာလုပ်တဲ့ အကြွေစေ့ပြပွဲတွေကို အရောက်သွားတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အကြွေစေ့ပွဲစားတွေနဲ့ ဆက်သွယ် တယ်။ ရှိသမျှ ပိုက်ဆံ ပုံအောပြီး အဘိုးက ရင်းနှီးမြှုပ်နှံတယ်။ လုပ်ငန်း ချဲ့ထွင်တယ်။ ဒါပေမဲ့ အဘိုးက လူးဝစ်အဲလီယက်စဘတ်လို ချမ်းသာတဲ့ လူမဟုတ်ဘူး။ ဘာဂေါ်မှာ ကုန်စုံဆိုင်ကလေးတစ်ဆိုင်ပဲ ပိုင်တာ။ ရှိစုမဲ့စု ပိုက်ဆံကလေး လုပ်ငန်းထဲမှာ အားလုံး မြှုပ်သွားပြန်ရော။

အဘိုးဟာ အနွေးထည် တစ်ထည်တည်းကို နှစ်ပေါင်းသုံးလေးဆယ် ဝတ်တယ်။ တစ်သက်လုံး ကားတစ်စီးတည်းကို မလဲဘဲ စီးတယ်။ ကျွန်တော့် အထင် အဖေ တက္ကသိုလ်မတက်ဘဲ စာပို့သမားဖြစ်ရတာဟာ ဆယ်တန်း အောင်ပြီးတော့ အဘိုးမှာ ပိုက်ဆံတစ်ပြားမှ မကျန်တော့လို့ ဖြစ်မယ်။ အဘိုးဟာ လူထူးလူဆန်းတစ်ယောက်နဲ့ တူပါတယ်။ အဖေလည်း အတူတူ ပါပဲ။ ဘမျိုးဘိုးတူဆိုသလိုနေမှာပေါ့။ အဘိုးဆုံးတော့ သေတမ်းစာမှာ သူ့အိမ်ကို ထုခွဲရောင်းချပြီး အကြွေစေ့လုပ်ငန်းပဲ ဆက်လုပ်ရမယ်လို့ ရေးသွားတယ်။ ကျွန်တော့်အဖေဟာ အဲဒီအတိုင်း ဆက်လုပ်နေတာပါ။

အဲဒီ လုပ်ငန်းကို အဖေ စလုပ်တော့ အခြေအနေ အတော်လေး ကောင်းနေပြီ။ ငွေကြေးတန်ဖိုး ထိုးတက်သွားလို့လေ။ ရွှေဈေး တစ်အောင်စ

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်လာ ၈၅၀ ဖြစ်သွားတယ်။ အလွန်အမင်း ခြိုးခြံချွေတာတဲ့ ကျွန်တော့်အဖေ အနားယူပြီး ထိုင်စားလို့ ရပြီပေါ့။ ဒါပေမဲ့ ကျွန်တော့်အဖေရော အဘိုးပါ ဒီအလုပ်ကို ငွေအတွက် လုပ်ကြတာ မဟုတ်ဘူး။ ဝါသနာပါလို့ လုပ်တာ။ ရှာရဖွေရတာကို သူတို့ ပျော်တာ။ အဲဒီ စိတ်လှုပ်ရှားမှုကို အရသာခံတာ။ တန်ရာတန်ကြေးနဲ့ရအောင် ကြိုးစားရတာ၊ ပစ္စည်းမှန် ရှိတဲ့နေရာကို ခြေရာခံ လိုက်ရတာကို ပျော်တာ။ တွက်ခြေကိုက်တဲ့အခါရှိသလို အဖျားရှုံးသွား တာမျိုးနဲ့လည်း သူတို့ ကြုံရတယ်။

ဒီအလုပ်ကို ကျွန်တော် ဆက်ခံလိမ့်မယ်လို့ အဖေက မျှော်လင့် တယ်။ ဒီလို စွန့်စားခန်းမျိုးကို ကျွန်တော် ဝါသနာပါလိမ့်မယ်လို့ သူ တွက် တယ်။ အရွယ်ကလေးရလာတော့ ကျွန်တော် စောင်အပိုတစ်ထည် ထပ်ခြုံနိုင် လာတယ်။ တစ်နှစ်ကို ဖိနပ်အသစ်တစ်ရန် ဝယ်စီးနိုင်လာတယ်။ ဒါပေမဲ့ အဝတ်အစားတော့ ဘယ်တော့မှ ဝယ်မဝတ်နိုင်ဘူး။ ကယ်တင်ခြင်းတပ်က ပေးတဲ့ အဝတ်နဲ့ပဲ ကျွန်တော် ကြီးပြင်းခဲ့ရတယ်။ အဖေဟာ ကင်မရာတစ်လုံး တောင် ဝယ်မကိုင်ခဲ့ဖူးဘူး။ အတ္တလန်တာ အကြွေစေ့ပြပွဲမှာ ကျွန်တော်တို့ သားအဖ တစ်ခါပဲ ဓာတ်ပုံရိုက်ဖူးတယ်။ ပွဲစားတစ်ယောက်က သူ့ဆိုင်ရှေ့မှာ ရိုက်ပြီး ပို့ပေးတာ။ အဲဒီပုံဟာ အဖေ့စားပွဲပေါ်မှာ နှစ်ပေါင်းများစွာ ရှိနေခဲ့ တယ်။ ပုံထဲမှာ အဖေက ကျွန်တော့်ပခုံးကို သိုင်းဖက်ထားတယ်။ နှစ်ယောက် သား ယှဉ်ရပ်ပြီး အဖေက ပြုံးနေတယ်။ ကျွန်တော်က ကျွဲခေါင်း ၁၉၂၆ (ဒီ) ငွေဒင်္ဂါးပြားလေး ကိုင်လို့။ အဖေ ဝယ်လိုက်တဲ့ အကြွေစေ့ကလေး။ တော်တော်မြက်မြက်ကလေး မြတ်လိုက်လို့ အဲဒီ တစ်လလုံး ကျွန်တော်တို့ ဟော့ဒေ့ါတွေ၊ ပဲတောင့်ရှည်တွေ ဝဝလင်လင် စားလိုက်ရတယ်။

ဒါပေမဲ့ ဖြစ်သလို စားနေရလည်း ကျွန်တော့်အတွက် ပြဿနာမရှိ ပါဘူး။ အကြွေစေ့တွေအကြောင်း အဖေ ကျွန်တော့်ကို စပြောတော့ ကျွန်တော် တစ်တန်း၊ နှစ်တန်း ရောက်နေပါပြီ။ ကျွန်တော့်ကို လူရာသူရာသွင်းပြီး စကားပြောပါတယ်။ သူက အေးတိအေးစက် ကလေးတစ်ယောက်အတွက် ပျော်စရာပေါ့။ အဖေပြောသမျှ နားထောင်တယ်၊ အလွတ်ကျက်တယ်။

၁၉၂၇ ခုနှစ်မှာ သွန်းတဲ့ စွန်ရဲနှစ်ကောင်ပါတဲ့ စိန့်ဂေါ်ဒွန် ရွှေဒင်္ဂါး ပြားနဲ့ ၁၉၂၄ ခုနှစ်မှာ ထုတ်တဲ့ ဒင်္ဂါးပြားထုတ်လုပ်မှု ကွာခြားတဲ့အကြောင်း ကျွန်တော်သိတယ်။ ၁၈၉၅ ခုနှစ်မှာ ဘာဆာအကြွေစေ့ကို နယူးအော်လင်းက

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ထုတ်တယ်။ ဖီလာဒဲလ်ဖီးယားကလည်း ထုတ်တယ်။ နယူးအော်လင်း အကြွေစေ့က ဆယ်ဆ ဈေးပိုရတဲ့အကြောင်းလည်း ကျွန်တော် သိတယ်။

အဲဒါတွေ ခုထက်ထိ ကျွန်တော် မှတ်မိနေသေးတယ်။ ဒါပေမဲ့ အဖေနဲ့ မတူဘဲ တဖြည်းဖြည်းနဲ့ နောက်ဆုံးမှာ ကျွန်တော် စိတ်ဝင်စားမှု နည်းလာတယ်။ ခြောက်နှစ်၊ ခုနစ်နှစ်လောက် သူငယ်ချင်းတွေနဲ့ အချိန်မဖြုန်းရဘဲ အဖေ့နောက်ချည်း တကောက်ကောက်လိုက်နေရတဲ့အဖြစ်ကို ငြီးငွေ့လာတယ်။ တခြား ကောင်လေးတွေလို အားကစား လုပ်ချင်လာတယ်။ ကောင်မလေးတွေနဲ့ တွဲချင်လာတယ်။ ကားမောင်းချင်လာတယ်။ သီချင်းဆိုချင်လာတယ်။ တီးချင် မှုတ်ချင်လာတယ်။

ဆယ့်လေးနှစ်ပြည့်တော့ အိမ် သိပ်မကပ်ချင်တော့ဘူး။ ကိုယ့်ဘဝကို အားမလို အားမရ ဖြစ်လာတယ်။ တဖြည်းဖြည်း သူငယ်ချင်းတွေနဲ့ နှိုင်းယှဉ်ကြည့်မိလာတယ်။ သူတို့က ပိုက်ဆံ သုံးနိုင်ကြတယ်။ ရုပ်ရှင်ကြည့်နိုင်ကြတယ်။ နောက်ဆုံးပေါ် နေကာမျက်မှန် ဝယ်တပ်နိုင်တယ်။ ကျွန်တော်က မက်ဒေါနယ်ဆိုင်မှာ ဟမ်ဘာဂါတစ်လုံး ဝယ်စားနိုင်ဖို့ အိတ်ထဲ ပိုက်ဆံ မနည်းစမ်းရတယ်။ သူငယ်ချင်း တော်တော်များများဟာ ဆယ့်ခြောက်နှစ် ပြည့်တာနဲ့ မွေးနေ့လက်ဆောင် ကားတွေ ရကြတယ်။

အဖေ ကျွန်တော့်ကို ပေးတဲ့ မွေးနေ့လက်ဆောင်က ကာဆင်မြို့မှာ ၁၈၈၃ ခုနှစ်မှာ သွန်းတဲ့ ငွေဒင်္ဂါးတစ်ပြား။ အဲဒီနေ့က ကျွန်တော်ခြံတဲ့ စောင်မှာ မျက်ရည်တွေ ရွှဲသွားတယ်။ ပြီးတော့ အိမ်မှာ မိုက်ခရိုဝေ့ မီးဖိုနဲ့ တီဗွီမရှိတဲ့ သူငယ်ချင်းတစ်ယောက်မှ မရှိဘူးဆိုတာလည်း ကျွန်တော် သိလာတယ်။ ရေခဲသေတ္တာပျက်လို့ အစားတစ်လုံး ဝယ်နိုင်ပါရဲ့။ အစိမ်းရောင် ရေခဲသေတ္တာ အဟောင်းကြီး။ မီးဖိုထဲမှာရှိတဲ့ ဘာအရောင်နဲ့မှ မစပ်ဟပ်တဲ့ အရောင်။ သူငယ်ချင်းတွေ အိမ်လာလည်ရင် ကျွန်တော် ရှက်တယ်။ မျက်နှာ ဘယ်အနား ထားရမှန်းမသိဘူး။ အဲဒီအတွက် အဖေ့ပေါ် အပြစ်ပုံချမိတယ်။ ဒါပေမဲ့ အဲဒီလို မဖြစ်သင့်ဘူးဆိုတာလည်း သိနေတယ်။ ပိုက်ဆံလိုချင်ရင် ဗာဟီရအလုပ်တွေ ထွက်လုပ်ပေါ့။ သူများပန်းခြံမှာ ပေါင်းရှင်းပေါ့။ မြက်နုတ်ပေါ့။ ဒါပေမဲ့ အဲဒီလိုလည်း ကျွန်တော် မလုပ်ဖြစ်ဘူး။ ကျွန်တော်ဟာ ပက်ကျိတစ်ကောင်လို မျက်စိကန်းပြီး ကုလားအုတ်တစ်ကောင်လို နားပင်းနေတယ်။ ကျွန်တော်ရဲ့ မရင့်ကျက်မှုတွေပါ။ ဒါပေမဲ့ အတိတ်ကို ပြန်ပြင်လို့

mgyoe.com

mgyoe.com SAMPLE BOOK

မရတော့ဘူး။

ကျွန်တော် ပြောင်းလဲနေတာကို အဖေက သိတယ်။ ဒါပေမဲ့ သူ ဘာလုပ်ရမှန်း မသိဘူး။ အခြေအနေကို သူတတ်သလောက် မှတ်သလောက် ထိန်းဖို့ ကြိုးစားတယ်။ သူကလည်း သူ့အဖေ ကျွန်တော့်အဘိုးလို စဉ်းစားတတ်တာကိုး။ ဒဂ်ါးပြားတွေ အကြောင်းပဲ လျှောက်ပြောတယ်။ သူ ဒါပဲ သိတာကိုး။ ဒီအကြောင်းပဲ ပြောနိုင်တာကိုး။ ပြီးတော့ ကျွန်တော့်ကို မနက်စာ ညစာ ချက်ကျွေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သားအဖ တစ်အိမ်တည်းမှာ နေပြီး ဝေးဝေးလာတယ်။ သူငယ်ချင်းတွေနဲ့လည်း ကျွန်တော် တဖြည်းဖြည်း ဝေးလာတယ်။ သူတို့က ရုပ်ရှင်ကြည့်ကြတယ်။ နောက်ဆုံးပေါ် စပို့ရှပ်တွေ ဝယ်ဝတ်ကြတယ်။ သူတို့ ဝယ်ဝတ်ကြတဲ့ အင်္ကျီတွေက ဆိုင်ကြီးတွေရှေ့ ဖြတ်လျှောက်တိုင်း ငေးကြည့်မိတဲ့ အင်္ကျီမျိုးတွေ။ အို… သွားစမ်းပါ။ ကျောင်းမှာ ပေါင်းစရာသင်းစရာ မရှားပါဘူးဆိုပြီး ခပ်တေတေ ချာတိတ်တစ်သိုက်နဲ့ ကျွန်တော် တွဲတယ်။ သိပ်မနိပ်ပါဘူး။ ကျောင်းလစ်တတ်လာတယ်။ စီးကရက် သောက်တတ်လာတယ်။ ရန်ဖြစ်တတ်လာတယ်။

အားကစားကို ကျွန်တော် ရပ်ပစ်လိုက်တယ်။ လုပ်တုန်းကတော့ ကျွန်တော် တကယ်လုပ်ခဲ့တာ။ ဘောလုံးကန်တယ်။ ဘတ်စကက်ဘောပုတ်တယ်။ ပြေးခုန်ပစ်လုပ်တယ်။ အထက်တန်း ရောက်တဲ့နှစ်အထိ ကျွန်တော် စိုက်လိုက်မတ်တတ် ကစားခဲ့တယ်။ အိမ်ပြန်ရောက်ရင် အခြေအနေ ဘယ်လိုလဲလို့ အဖေက မေးဖော်ရပါတယ်။ ကျွန်တော်က အသေးစိတ် ပြန်ပြောပြရင် သူ အနေရကျပ်နေသလိုပဲ။ အားကစားကို သူ ဘာမှ နားမလည်ဘူးလေ။ သူ့ဘဝမှာ ဘာအားကစားမှ မကစားခဲ့ဖူးဘူး။ တစ်နေ့မှာ ကျွန်တော်ပါတဲ့ ဘတ်စ်ကက်ဘောပွဲကို သူ လာကြည့်တယ်။ စင်ပေါ်မှာ သူ ထိုင်ကြည့်နေတယ်။ ထိပ်က တော်တော်ပြောင်နေပြီ။ ဂျာကင်အစုတ်ကြီး ဝတ်လို့။ သူနဲ့ မတော်တဲ့ ခြေအိတ်ကြီးစွပ်လို့။ လူက စုတ်ပြတ်နေရုံမကဘူး၊ ဘောင်းဘီကို ခါးမှာ ဖြဲထားသေးတယ်။ ဗိုက်က ကိုယ်ဝန်သုံးလ မိန်းမ ဗိုက်လောက် ဖြစ်နေတာကိုး။ သူ လာကြည့်တဲ့အတွက် ကျွန်တော် သိက္ခာကျသလို ဖြစ်နေတော့ ကျွန်တော့်မျက်နှာ ဘယ်အနား သွားထားရမှန်း မသိလောက်အောင်ပဲ။ ပွဲပြီးတော့ သူ့ကို မခေါ်ဘဲ ကျွန်တော် အသာလေး လစ်ထွက်ခဲ့တယ်။ အဲဒီ အကြောင်း ပြောရတာ ကျွန်တော် မကောင်းမှန်း သိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာလည်း ပူပါတယ်။ ဒါပေမဲ့ အဲဒီအတိုင်း ဖြစ်ခဲ့တာ အမှန်ပါ။ ကျွန်တော်ဟာ အဲဒီလိုကောင်ပါ။

အထက်တန်း နောက်ဆုံးနှစ်ရောက်တော့ အခြေအနေ ပိုဆိုးလာတယ်။ ကျွန်တော်ရဲ့ ပုန်ကန် ထကြွချင်စိတ်တွေ ထိပ်တက်လာတယ်။ အဆင့်တွေ ထိုးကျသွားတယ်။ ပစ်စလက်ခတ် ပိုဖြစ်လာတယ်။ ညည အိမ်က လစ်ထွက်တာ၊ အရက်နဲ့ တထောင်းထောင်းနဲ့ ပြန်လာတာ တစ်ခါမကတော့ အဖေ မိသွားတယ်။ မူးယစ်နဲ့အရက် ရောချတဲ့ ပွဲတစ်ပွဲမှာ အိမ်မပြန်နိုင်လို့ ရဲက ပြန်တွဲပို့ရတယ်။ အဖေဆူတော့ ပုန်ကန်ပြီး သူငယ်ချင်းတစ်ယောက် အိမ်မှာ နှစ်ပတ်လောက် သွားနေတယ်။

အိမ်ပြန်လာတော့ အဖေက ဘာမှ မပြောဘူး။ ထုံးစံအတိုင်း ကြက်ဥမွှေကြော် လုပ်ပေးတယ်။ ပေါင်မုန့်ထောပတ်သုတ်ပေးတယ်။ ခါတိုင်းလိုပဲ မနက်စာ၊ ညစာ ပုံမှန်ချက်ကျွေးတယ်။ စာမေးပွဲကို အောင်မှတ်ပြည့်ရုံ ကလေးနဲ့ ကပ်အောင်လာတယ်။ မကောင်းတတ်လို့ အအောင်ပေးလိုက်တာများလားလို့ ကျွန်တော် တွေးနေမိတယ်။ စာမေးပွဲအောင်ဖို့တော့ အဖေ စိတ်ဝင်စားဖော်အရသား။ မအောင်မှာလည်း ပူပင်ရှာသား။ အောင်လာတော့ တက္ကသိုလ်တက်ဖို့ စကားစလာပါတယ်။

ဒါပေမဲ့ တက္ကသိုလ် ဆက်မတက်ဖို့ ကျွန်တော် ဆုံးဖြတ်ထားပြီးပါပြီ။ အလုပ်တစ်ခု ရချင်နေပြီ။ ကားတစ်စီး လိုချင်နေပြီ။ ဆယ့်ရှစ်နှစ်လုံးလုံး မရဖူးတာတွေ ကျွန်တော် လိုချင်နေပြီလေ။

အောင်စာရင်းထွက်ပြီး နွေရာသီရောက်တဲ့အထိ အဖေ့ကို ကျွန်တော် ဘာမှ မပြောဘူး။ ဒါပေမဲ့ တက္ကသိုလ် ဝင်မလျှောက်မှန်း သူသိသွားတဲ့နေ့က ဘာမှ မပြောဘဲ သူ့သီးသန့်ခန်းကလေးထဲမှာ အခန်းအောင်းနေတယ်။ မနက်မိုးလင်းတော့ ထုံးစံအတိုင်း မနက်စာလုပ်ကျွေးတယ်။ အဲဒီညမှာ ဒဂ်ါးတွေ၊ အကြွေစေ့တွေအကြောင်း သူ ပြန်စတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ပြောစရာက ဒီအကြောင်းအရာပဲ ရှိတာကိုး။

“မင်းမှတ်မိလား ဂျွန်၊ တို့သားအဖ အတ္တလန်တာကို သွားတုန်းက နှစ်ပေါင်းများစွာ ရှာနေတဲ့ ကျွဲခေါင်း အကြွေစေ့ကို မင်း တွေ့တာလေ။ တို့ ဓာတ်ပုံတောင် ရိုက်ကြသေးတယ်လေ။ မင်း အဲဒီနေ့က သိပ်ပျော်နေတာ၊ အဖေကလည်း မင်းအဘိုးကို သတိရလို့ပေါ့”

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ခေါင်းယမ်းလိုက်တယ်။ အဖေက စိတ်လိုလက်ရ စကားတွေ ပြောနေချိန်မှာ ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်တယ်။

"တော်ပါတော့ဗျာ၊ ဒဂ်ါးတွေ၊ အကြွေစေ့တွေကို ကျွန်တော် စိတ်ကုန်နေပြီ၊ နောက်ထပ် မကြားပါရစေနဲ့တော့၊ ရှိတာတွေ ချရောင်းလိုက်ပါတော့ဗျာ၊ ဘာလုပ်မှာလဲ"

အဖေ ဘာမှ ပြန်မပြောတော့ဘူး။ ဒါပေမဲ့ သူ ထိထိခိုက်ခိုက် ခံစားလိုက်ရတဲ့ အဲဒီ တဒင်္ဂကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ မလှမ်းချင် လှမ်းချင် ခြေလှမ်းတွေနဲ့ သူ့အခန်းကလေးဆီကို လျှောက်သွားပါတယ်။ သူ့ကို စိတ်ထိခိုက်အောင် ကျွန်တော် မလုပ်ချင်ပါဘူး။ ဒါပေမဲ့ လုပ်ခဲ့မိပြီ။ အဲဒီနောက်ပိုင်းမှာ အဖေဟာ အဲဒီအကြောင်း လုံးဝမပြောတော့ပါဘူး။ ကျွန်တော်ကလည်း လုံးဝ မစတော့ပါဘူး။ အဲဒီအခါ ကျွန်တော်တို့မှာ ပြောစရာစကားမရှိတော့ဘဲ နှစ်ယောက်သားကြားက ချောက်ကမ်းပါးကြီး ပိုကျယ်သွားပါတော့တယ်။ အဲဒီ နောက်ပိုင်းမှာ တစ်ပုံတည်းရှိတဲ့ သားအဖနှစ်ယောက်ရဲ့ ဓာတ်ပုံကလေးလည်း ပျောက်ခြင်းမလှ ပျောက်သွားပါလေရော။ အဖေဟာ အကြွေ၊ အနုပ်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့ ဖြတ်ပစ်လိုက်တယ်လို့ ကျွန်တော် ခံစားလိုက်ရပါတယ်။ ဒါကြောင့် ဓာတ်ပုံကို ဖျောက်ဖျက်ပစ်လိုက်ပုံ ရပါတယ်။ ကျွန်တော် ဘယ်လိုမှ မခံစားရပါဘူး။

ကျွန်တော်တို့ ကာရိုလိုင်းနားမြောက်ပိုင်းဟာ စစ်တပ်တွေများတဲ့ စစ်ဒေသ ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်ထဲဝင်ဖို့ ကျွန်တော် ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါဘူး။ ဝီလင်တန်တစ်ဝိုက်မှာတင် စစ်အခြေစိုက်စခန်း ခုနစ်ခုရှိပါတယ်။ တပ်ထဲဝင်တယ်ဆိုတာ အရှုံးသမားတွေရဲ့ အလုပ်လို့ ကျွန်တော်ထင်ခဲ့တယ်။ ဘယ်သူက ဆံပင်တိုတိုညှပ်ထားတဲ့ ယူနီဖောင်းဝတ်တွေရဲ့ ဘယ်ညာ အမောင်းခံချင်မှာလဲ။ အဲဒီ ဘဝမျိုးကို ကြိုက်တဲ့လူတွေ ဝင်ကြပါစေ။ ကျွန်တော်ကတော့ မဝင်ရေးချ မဝင်။ ကျွန်တော့်ကျောင်းက သူငယ်ချင်းတွေလည်း မဝင်ကြပါဘူး။ အများစုကတော့ အမှတ်ကောင်းကြလို့ တက္ကသိုလ်ဆက်တက်ကြပါတယ်။ ဆယ်တန်းမအောင်တဲ့ ကောင်တွေကျတော့ ဟိုအလုပ်ဝင်လုပ်၊ ဒီအလုပ်ဝင်လုပ်နဲ့ ကြုံရာကျပန်းပေါ့။ တချို့လည်း ဘီယာဆိုင်ထိုင်ပြီး ယောင်ခြောက်ဆယ် ဖြစ်ကုန်တယ်။ ဘာမှ မည်မည်ရရ အလုပ်မရှိကြဘူး။ အဲဒီ အုပ်စုထဲမှာ ကျွန်တော်လည်း ပါတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

အထက်တန်းစာမေးပွဲအောင်ပြီး နှစ်နှစ်လောက် အလုပ်မျိုးစုံ ဝင်လုပ်တယ်။ ဘတ်စ်ကားလက်မှတ်ရောင်းတယ်။ ရုပ်ရှင်ရုံလက်မှတ် ရောင်းတယ်။ စားသောက်ဆိုင်မှာ ဝင်လုပ်တယ်။ ခရီးသွားလုပ်ငန်းတစ်ခုမှာ ငွေကိုင် ဝင်လုပ်တယ်။ ကုန်တင်ကုန်ချ လုပ်ငန်းမှာဝင်ပြီး ကူလီထမ်းတယ်။ ရသမျှ ပိုက်ဆံသုံးပစ်တယ်။ မကြာ မကြာ အလုပ်ရတယ်။ မကြာ မကြာ ပြန်ပြုတ်တယ်။ ကျွန်တော် မမှုဘူး။ ကျွန်တော့်ဘဝ ကျွန်တော် ပျော်နေတယ်။ အဖေ့အိမ်မှာ ဆက်နေနေတော့ စားဝတ်နေရေး ဘာမှ မပူရဘဲကိုး။ ဒီတော့ ဘဝတူသူငယ်ချင်းတွေထက် ကျွန်တော်က ကံကောင်းနေတာပေါ့။ အဲဒီ အချိန်တုန်းက ဘဝမှာ ဘာမှ ပြဿနာမရှိဘူး ထင်တာပဲ။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ အဲဒီဘဝကို ငြီးငွေ့လာတယ်။ ဒါပေမဲ့ လှိုင်းစီးတဲ့အကျင့်ကိုတော့ မဖျောက်နိုင်ခဲ့ဘူး။ အဲဒီလိုနဲ့ ၁၉၉၆ ခုနှစ်မှာ ဘာသာ လေဆင်နှာမောင်းတိုက်ပါလေရော။ ပင်လယ်ကမ်းခြေမှာ လှိုင်းစီးလို့ အကောင်းဆုံး အချိန်ပေါ့။ ဒါပေမဲ့ ကျွန်တော် တစ်ရက်မှ မစီးဖြစ်ဘူး။ လီဗ္ဗျိုင်းဘားမှာ ဘီယာလေး တမြမြနဲ့ ငြိမ့်နေတာကိုး။ နောက်မှ သတိရတယ်။ ငါဒီလို နေနေတာ ညတိုင်းပါလားလို့။ ကျောင်းက သူငယ်ချင်းတွေနဲ့ သွားတိုးတော့ သူတို့ကေ မေးတယ်။ မင်း ဘာလုပ်နေလဲတဲ့၊ ကျွန်တော်က သူတို့မေးတာကို ဖြေတယ်။ ပြီးမှ မင်းတို့ကောလို့။ အဲဒီမှာ ကျွန်တော်တို့ အဖြေတစ်ခု ထုတ်နိုင်ခဲ့ကြတယ်။ သူတို့ဘဝအထွေထွေကို သူတို့ ပြောပြတာ မယုံနိုင်စရာပဲ။ သူတို့ဘဝ သူတို့ ပျော်နေကြတာလည်း မယုံနိုင်စရာပဲ။ မြေကြီးတူးတဲ့ကောင်က တူးတယ်။ ပြတင်းပေါက် မှန်သုတ်တဲ့ကောင်က သုတ်တယ်။ အိမ်သာသန့်ရှင်းရေး လုပ်တဲ့ကောင်က လုပ်တယ်။ သူတို့ အားလုံးထဲမှာ အဲဒီ ဘဝမျိုးကို မျှော်လင့်ခဲ့တဲ့ကောင် တစ်ယောက်မှ မပါဘူး။ ကျွန်တော်ဟာ ကျောင်းစာမှာ မတော်ပါဘူး။ ငပျင်းပါ။ ဒါပေမဲ့ ကျွန်တော် ငတုံးတော့ မဟုတ်ဘူး။

အဲဒီအချိန်ပိုင်းမှာ ကောင်မလေးတွေ အများကြီး ထည်လဲနဲ့ တွဲတယ်။ လီဗ္ဗျိုင်းဘားမှာ ပေါမှပေါ မဟုတ်လား။ အများအားဖြင့်ကတော့ ခပ်ပေါ့ပေါ့တွေပါ။ တဒင်္ဂပဟာန် အချစ်ခံခြင်းပေါ့။ အဲ··· လူစီဆိုတဲ့ ကောင်မလေးနဲ့တော့ အကြာသား။ သုံးလေးလလောက် တွဲဖြစ်လိုက်တယ်။ သူ့ကိုတော့ ချစ်မိလေသလား မသိပါဘူး။ သူက ကျွန်တော့်ထက် တစ်နှစ်ကြီးတယ်။ တက္ကသိုလ်ကျောင်းသူ။ ဘွဲ့ရပြီးရင် နယူးယောက်မှာ အလုပ်သွားလုပ်မှာတဲ့။

mgyoe.com

နောက်ဆုံး တွေ့တဲ့ညက သူ ပြောသွားတာ မှတ်မိနေတယ်။

'နင့်ကို ငါ ချစ်ပါတယ်။ ဒါပေမဲ့ နင်နဲ့ငါက တူတာဆိုလို့ ဘာမှ မရှိဘူး။ နင့်ဘဝ နင့်ဘာသာ ဆက်လျှောက်တာ ကောင်းပါတယ်ဟာ။ နင်က ခပ်လေလေနေချင်တာ မဟုတ်လား'

သူ ခဏစဉ်းစားပြီးမှ စကားဆက်တယ်။

'ပြီးတော့ ငါ သိပ်နားမလည်တာ ရှိသေးတယ်။ နင် ငါ့ကို ဘယ်လောက် အလေးအနက်ထားသလဲဆိုတာ ငါ မသိဘူး'

သူပြောတာ ဟုတ်ပါလိမ့်မယ်။ နောက်မကြာခင်မှာပဲ ကျွန်တော့်ကို နှုတ်တောင် မဆက်ဘဲ လေယာဉ်ပေါ် တက်သွားတော့တာပါပဲ။ တစ်နှစ် လောက်ကြာတော့ ဖုန်းအဆက်အသွယ်ရတယ်။ ရှေ့နေတစ်ယောက်နဲ့ စေ့စပ်ပြီးပြီတဲ့။ ဇွန်လထဲမှာ လက်ထပ်တော့မယ်တဲ့။

ကျွန်တော် ထင်တာထက်ပိုပြီး ခံစားလိုက်ရတယ်။ တိုက်တိုက် ဆိုင်ဆိုင် အဲဒီနေ့မှာ ကျွန်တော် အလုပ်ပြုတ်ပြန်တယ်။ ဒီတော့လည်း ခါတိုင်း လိုပဲ လီဗ္ဗျိုင်းဘားမှာ သွားထိုင်ဖြစ်ပြန်တာပေါ့။ အဲဒီမှာ တော်တော်များများ က အရှုံးသမားတွေလေ။ ကျွန်တော် ချက်ချင်း မြင်လာတယ်။ ငါ့ကိုယ်ငါ အဓိပ္ပာယ်မရှိ ပစ်စလက်ခတ် လုပ်နေတာပဲလို့။ ဒီနေရာဟာ ငါ အချိန်ဖြုန်းရ မယ့်နေရာ မဟုတ်ဘူးလို့။ ဒါနဲ့ ဆက်မထိုင်တော့ဘဲ ဘီယာဘူးတွေဝယ်လာ ပြီး ကမ်းခြေမှာ သွားထိုင်တယ်။ အဲဒီနေ့ကမှ ဘဝအကြောင်း ပထမဦးဆုံး အလေးအနက် စဉ်းစားမိတာပါ။ အဖေ ဖြစ်စေချင်တဲ့အတိုင်း တက္ကသိုလ် ဆက်တက်ပြီး ဘွဲ့တစ်ခုယူရင် ကောင်းမလား။ ကျောင်းစာနဲ့ အဆက်ပြတ် နေတာကြာပြီ။ မဖြစ်သေးပါဘူးဆိုပြီး အဲဒီ အတွေးကို ပယ်ချလိုက်တယ်။ ကောင်းဖို့လား၊ ဆိုးဖို့လားတော့ မသိဘူး။ အဲဒီ အချိန်မှာ အမေရိကန် ကမ်းတက် တပ်သားနှစ်ယောက် လျှောက်လာတယ်။ ငယ်ငယ်ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ်နဲ့ မြူးကြွနေတဲ့ပုံစံမျိုး။ သူတို့လို ငါဘာလို့ မဖြစ်နိုင်ရမှာလဲ ဆိုတဲ့ အတွေး ဝင်လာတယ်။

နှစ်ရက်လုံးလုံး ကျွန်တော် အပြန်ပြန် အလှန်လှန် စဉ်းစားတယ်။ နောက်ဆုံးမှာ ဒီကိစ္စ အဖေနဲ့ပါ တိုင်ပင်သင့်တယ်လို့ ကျွန်တော် နားလည်လာ တယ်။ ရှည်ရှည်ဝေးဝေး ပြောစရာတော့ မလိုပါဘူး။ ကျွန်တော်နဲ့အဖေ စကားမပြောတာ ကြာပြီလေ။ တစ်ညမှာ သူရှိနေတဲ့ မီးဖိုခန်းထဲကို ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

လျှောက်သွားတယ်။ ထုံးစံအတိုင်း စားပွဲမှာထိုင်နေတာ တွေ့ရတယ်။ ဒီတစ်ခါ တော့ အဖေ့ကို ကျွန်တော် သေသေချာချာ အကဲခတ်တယ်။ သူ့ဆံပင်က တစ်ခေါင်းလုံး ကုန်ခါနီးနေပြီ။ နားရွက်နှစ်ဖက်ပေါ်မှာပဲ ဆံပင်ဖြူ အနည်းအကျဉ်း ကျန်တော့တယ်။ သူ လုံးဝ အနားယူရမယ့်အရွယ် ရောက်နေပါပြီ။ ကျွန်တော့်ခေါင်းထဲ အသိတစ်ခု ဝင်လာတယ်။ ကျွန်တော့်အတွက် ဒါလောက် လုပ်ပေးခဲ့တဲ့အဖေ၊ သူ စိတ်ဆင်းရဲအောင်တော့ ကျွန်တော် မလုပ်သင့်ဘူး။

အဲဒီလိုနဲ့ ကျွန်တော် စစ်ထဲဝင်လိုက်တယ်။ ပထမတော့ ကမ်းတက်တပ်ကို ဝင်မလို့ပဲ။ ကမ်းခြေတစ်ပိုက်မှာ သူတို့ကို အမြဲ မြင်တွေ့နေရတာကိုး။ ဒါပေမဲ့ ကြည်းတပ်ထဲပဲ ဝင်ဖြစ်လိုက်တယ်။ ကြည်းတပ်စစ်သားစုဆောင်းရေးက အနီးအနားမှာတင် ရှိနေလို့ပါ။ လမ်းကူးလိုက်ရုံပဲလေ။ စဉ်းစားနေတာက ကြာတာ။ ကိစ္စပြီးတော့လည်း ခဏလေး။ အစက် အစက်ကလေးတွေ ချထားတဲ့ ကွက်လပ်မှာ လက်မှတ်ထိုးလိုက်ရုံနဲ့ လေးနှစ်စာချုပ်နဲ့ ကျွန်တော် စစ်သားဖြစ်သွားရော။ စုဆောင်းရေးဗိုလ်ကြီးက အခန်းထဲက အထွက်မှာ ကျွန်တော့်ကို ကျောပုတ်ပြီး ဆုမွန်ကောင်း တောင်းပေးလိုက်သေးတယ်။ ချက်ချင်း ဘဝပြောင်းသွားပုံကို ကြည့်ပြီး ကျွန်တော့်ဘာသာ ကျွန်တော် အံ့သြမဆုံး ဖြစ်နေတယ်။ အဲဒါ ၁၉၉၇ ခုနှစ်ပါ။ ကျွန်တော့်အသက် နှစ်ဆယ် ပြည့်တဲ့နှစ်။

ထင်တဲ့အတိုင်းပဲ၊ ဘင်နင်းခံတပ်ထဲက လေ့ကျင့်ရေးကျောင်းလည်း ရောက်ရော စိတ်ညစ်ရတော့တာပါပဲ။ အစစအရာရာကို ပုံစံသွင်း ခံရတော့တာကိုး။ ဘာမှ ပြန်ပြောခွင့် မရှိ၊ မေးခွင့် မရှိ။ ခိုင်းတဲ့အတိုင်းလုပ်။ အဓိပ္ပာယ် ရှိရှိ၊ မရှိရှိ ဆင်ခြေတက်လို့ မရ။ ဒါပေမဲ့ ကျွန်တော် ခံနိုင်ပါတယ်။ သူများတွေထက် စောစောစီးစီး အထာကျသွားပါတယ်။ သင်တန်းကာလ ပြီးတာနဲ့ ခြေလျင်တပ်ကို ကျွန်တော် ရွေးလိုက်တာပါ။

နောက်ပိုင်းမှာ လပေါင်းများစွာ လူဝီစီးယားနားတပ်ထဲမှာ သင်တန်းမျိုးစုံ ဆက်တက်ရပါသေးတယ်။ ပြီးတော့ ဖို့တ်ဘရက်မှာရောပေါ့။ ဒီလိုနဲ့ အခြေခံလူသတ်နည်းမျိုးစုံ တတ်မြောက်ခဲ့ပါတယ်။ အဲဒီလိုနဲ့ ခြေလျင်တပ်မကို ပထမဆုံး ရောက်ခဲ့တာပါပဲ။ ကျွန်တော်တို့ တပ်ရင်းကို 'နေဝန်းနီ' လို့လည်း ခေါ်ကြတယ်။ မကြာမတင်အတွင်း ဂျာမနီကို ထွက်ခဲ့ရပါတယ်။ ကျွန်တော်က ဂျာမန်လို တစ်ခွန်းမှ မတတ်။ ဒါပေမဲ့ မဆိုးပါဘူး။ ကျွန်တော်တို့ ဆက်ဆံ

mgyoe.com

mgyoe.com SAMPLE BOOK

ရတဲ့ ပတ်ဝန်းကျင်က အင်္ဂလိပ်စကားနဲ့ အလုပ်ဖြစ်ပါတယ်။ သိပ်မကြာခင် စစ်သားဘဝနဲ့ ကျွန်တော် အထာကျသွားပါတယ်။ နောက်မကြာခင်မှာပဲ စစ်သားဘဝရဲ့ ခါးသီးမှုတွေကို ခံစားရတော့တာပါပဲ။ ဘော်လ်ကန် တိုင်းပြည်တွေမှာ ခုနစ်လ ကြာခဲ့တယ်။ သေချင်စော်နံအောင် ခံရတဲ့ ကာလပါပဲ။ ပထမဆုံး ၁၉၉၉ ခုနှစ်မှာ မာစီဒိုးနီးယား ရောက်တယ်။ နောက် ကိုဆိုဗို။ အဲဒီမှာ ၂၀၀၀ ပြည့်နှစ် နွေဦးပေါက်တဲ့အထိ နေခဲ့ရတယ်။ စစ်သားဘဝဟာ ငွေရေးကြေးရေးအရ ဘာမှ မပူရပါဘူး။ စားစရိတ်လည်း မကုန်၊ နေစရိတ်လည်း မကုန်ဘူးလေ။ ဘာမှလည်း သုံးစရာ မရှိတော့ သိပ်မများပေမဲ့ ဘဏ်မှာ ကျွင့်တော့်လစာကလေး စုမိပါတယ်။

ပထမဆုံး ခွင့်ရလို့ အိမ်ပြန်တော့ ပျင်းလိုက်တာ အရည်ထွက် မတတ်ပါပဲ။ ဒုတိယအကြိမ် ခွင့်ရတော့ လက်စ်ဗီးဂတ်စ်ကို သွားတယ်။ သူငယ်ချင်းတစ်ယောက်က အဲဒီမှာ ကြီးတာတဲ့။ သူ့မိဘအိမ်မှာ ဗြောင်းဆန်အောင် ကျွန်တော်တို့ သောင်းကျန်းခဲ့ကြတယ်။ ကျွန်တော့် ပါသွားသမျှ ပိုက်ဆံလည်း တက်တက်ပြောင်ရောပဲ။ တတိယအကြိမ် ခွင့်ရတော့ ကိုဆိုဗိုက အပြန်ပေါ့။ ဒီတစ်ခါ ကျွန်တော် ကောင်းကောင်း နားချင်နေတာနဲ့ အိမ်ကိုပဲ ပြန်လာခဲ့တယ်။ စိတ်အေးလက်အေး နေချင်လို့ပါ။ အဝေးကြီးရောက်နေလို့ အဖေနဲ့ကျွန်တော် ဖုန်းသိပ်မပြောဖြစ်ဘူး။ အဖေက စာတော့ မှန်မှန်ရေးတယ်။ သူ့စာအိတ်ပေါ်မှာ ထုထားတဲ့ တံဆိပ်တုံးနေ့စွဲကို ကြည့်လိုက်ရင် အမြဲတမ်း လဆန်းတစ်ရက်ချည်းပဲ။ သူငယ်ချင်းတွေဆီကို လာတဲ့ သူတို့ အမေတွေ၊ ဇနီးတွေ၊ ညီမတွေဆီက လာတဲ့စာတွေနဲ့ လုံးဝ မတူဘူး။ အလွမ်းသယ်တဲ့ စကားလုံး လုံးဝ မပါဘူး။ သားကို သတိရတဲ့အကြောင်း တစ်လုံးမှ မပါဘူး။ အဲ… ပြီးတော့ ဒဂိုးတွေ၊ အကြွေးစေ့တွေ အကြောင်းလည်း မပါဘူး။ ရာသီဥတု အကြောင်းတွေ အရှည်ကြီး ရေးတယ်။ ကျွန်တော်က ကြက်သီးမွေးညင်း ထချင်စရာ ဘော်လ်ကန်တိုက်ပွဲတွေအကြောင်း ရေးရင် ကျွန်တော် ဘေးမသီ ရန်မခ မကျဆုံးတဲ့အတွက် ဝမ်းသာတဲ့ အကြောင်းတော့ တိုတိုတုတ်တုတ် ပြန်ရေးတတ်တယ်။ သူ့လေသံကိုကြည့်ပြီး ကျွန်တော့် အန္တရာယ်တွေ၊ အနိဋ္ဌာရုံတွေကို သိပ်မကြားချင်ဘူးဆိုတာ ကျွန်တော် သိသွားတယ်။ ဒါနဲ့ ကျွန်တော်လည်း စစ်မြေပြင် အမင်္ဂလာသတင်းတွေကို မရေးတော့ဘူး။ အကျိုးတွေ၊ အပြတ်တွေ၊ အလောင်းတွေအကြောင်း မရေးတော့ဘူး။ ဂျူတီစောင့်ရတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်တွေ ပျင်းစရာကောင်းတဲ့အကြောင်း၊ ဘယ်ကောင်တွေက တစ်ညတည်းမှာ စီးကရက် ဘယ်နှလိပ် သောက်တဲ့အကြောင်း၊ ဘယ်နှဘူး သောက်တဲ့အကြောင်း ဘာညာ ဘာညာတွေပဲ ရေးဖြစ်တော့တယ်။

အဖေက သူ့စာအဆုံးမှာ မကြာခင် စာထပ်ရေးမယ့်အကြောင်းနဲ့ အမြဲ အဆုံးသတ်တယ်။ သူဟာ ကျွန်တော့်ဘဝကို သူညဖြစ်အောင် လုပ်မယ့်လူမျိုးတော့ မဟုတ်လောက်ပါဘူး။ သူ ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ကျွန်တော်ဖြစ်လာရင် ဒီဘဝမျိုး ရောက်လာမှာ မဟုတ်ဘူး။

တကယ်တော့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ သုံးနှစ်ကမှ လူကြီးဖြစ်လာသလိုပဲ။ ကလေးဘဝကနေ ဝုန်းခနဲ လူကြီးဖြစ်လာသလိုပါပဲ။ တပ်ထဲရောက်လာပြီဆိုရင်တော့ မကြီးချင်လို့လည်း မရတော့ဘူး။ ကျွန်တော့်လိုခြေလျင်တပ်ထဲ ရောက်တဲ့ကောင်တွေ ပိုဆိုးပေါ့။ တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတွေ လက်ထဲရောက်လာတယ်လေ။ မရိုးမသား သွားလုပ်လို့ကတော့ လိမ့်နေအောင် ခံရပြီမှတ်။ ညစာ မကျွေးဘဲ အိပ်ရာဝင်ခိုင်းတာထက် ဆိုးသွားပါလိမ့်မယ်။

စိတ်ပျက်စရာ အကောင်းဆုံးကတော့ ရုံးအလုပ်တွေ လုပ်ရတာပဲ။ စာတစ်ကြောင်း ဖြောင့်ဖြောင့် မရေးတတ်တော့ ဆေးလိပ်ချည်း ဖိသောက်ကြရတယ်။ ပါးစပ်ကလည်း မျိုးစုံ ကျိန်ဆဲလို့ပေါ့။ အိပ်ရာအောက်မှာ အပြာစာအုပ်တွေက ဖာလိုက်။ အဲဒီလို ဖြေပြေရာတွေ ရှိပေမယ့် စိတ်ပျက်စရာက ပိုများတယ်။ အဆိုးဆုံးကတော့ တက္ကသိုလ်ဘွဲ့ရ ဗိုလ်လောင်းတွေရဲ့ မေးခွန်းတွေ ဖြေရတဲ့ ကိစ္စပဲ။ သူတို့က ကျွန်တော်တို့လို ကောင်တွေကို အူတူတူ၊ အတတတွေ ထင်တာ။ ဒါပေမဲ့ လူဆိုတာ ဘဝမှာ သေရေးရှင်ရေးနဲ့ ကြုံရင်သင်ကြား တတ်မြောက်ကြတာချည်းပဲ။ တာဝန်ကျလာပြီဆိုရင် ရှောင်လို့မရတော့ မဖြစ် ဖြစ်အောင် လုပ်ရတာချည်းပဲ။ ငြင်းလို့မှ မရတာ။ စစ်သားဘဝဆိုတာ ကြိုးတန်း လျှောက်နေရတာမျိုးလေ။ ဆုံးဖြတ်ချက်မှားတာနဲ့ ကိုယ်ကြွရင်ကြွ၊ မကြွရင် ဘေးက သူငယ်ချင်း ကြွမှာပဲ။ အဲဒါ စစ်သားဘဝပဲ။ စစ်သားတိုင်း စစ်တပ်ကို ယုံကြည်လို့ စစ်တိုက်နေတာ မဟုတ်ပါဘူး။ သူတို့အထဲမှာ စစ်တပ်ကို မုန်းတဲ့ကောင်တွေ အများကြီး။ နိုင်ငံရေးယုံကြည်ချက် အမျိုးမျိုးနဲ့ တပ်ထဲမှာ လူမျိုးစုံ ကျွန်တော် တွေ့ဖူးတယ်။ ထက်ထက်မြက်မြက်တွေလည်း ပါတယ်။ ခပ်တုံးတုံးတွေလည်း ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ အားလုံး အထက်ကခိုင်းတာ လုပ်ကြရတာချည်းပဲ။ တိုင်းပြည်အတွက် တိုက်နေတဲ့အကောင်၊ မျိုးချစ်စိတ်ကြောင့် တိုက်နေတဲ့အကောင် တစ်ကောင်မှ မပါဘူး။ အားလုံး လူသတ်စက်ရုပ်တွေချည်းပဲ။

ဒါပေမဲ့ ကျွန်တော် ပြောခဲ့သလိုပေါ့။ ကျွန်တော် အရင်လို မဟုတ်တော့ဘူး။ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ။ ဖင်က မီးခိုးထွက်လုမတတ် ဆေးလိပ်သောက်ခဲ့တဲ့ကောင် ခု လုံးဝပြတ်သွားပြီ။ အရက်လည်း လျှော့လိုက်ပြီ။ တစ်ပတ်ကို ဘီယာ တစ်ခါ၊ နှစ်ခါပဲ သောက်ဖြစ်တော့တယ်။ လုံးဝ မသောက်ဘဲလည်း နေနိုင်တယ်။ ကျွန်တော့် ကိုယ်ရေးမှတ်တမ်းဖိုင်မှာ မင်နီ တစ်ချက်မှ မစွန်းသေးဘူး။ ဒါကြောင့် ဒု-တပ်ကြပ်ကလေး ဖြစ်ခဲ့တာပေါ့။ နောက်ခြောက်လအတွင်း ရာထူးထပ်တက်လို့ ကျွန်တော် တပ်ကြပ်ဖြစ်သွားတယ်။ ကျွန်တော့်တပ်ခွဲကို ကျွန်တော် ကောင်းကောင်း ထိန်းနိုင်တယ်။ ဘော်လ်ကန်မှာ နာမည်ကြီး လူဆိုးတွေကို ကျွန်တော်တို့တပ်ခွဲက ဖမ်းပေးနိုင်ခဲ့တယ်။ တပ်ရင်းမှူးက ကျွန်တော့်ကို အရာရှိသင်တန်းတက်ဖို့ ထောက်ခံပေးတယ်။ ဒါပေမဲ့ ရုံးလုပ်ငန်းတွေကို စိတ်မပါတာနဲ့ အဲဒီကိစ္စ ကျွန်တော် လုံးဝ စိတ်မဝင်စားပါဘူး။ ကိုယ်အလေးချိန် ပေါင်နှစ်ဆယ်လောက် တက်လာတယ်။ ခွင့်ပြန်တဲ့အခါလည်း လှိုင်းမစီးဖြစ်တော့ဘူးလေ။ ဒါနဲ့ နောက်ပိုင်းမှာ ကျွန်တော် အပြေးကျင့်တယ်။ လက်ဝှေ့ထိုးတယ်။ ပြီးတော့ တိုနီနဲ့အတူ အလေးမတယ်။ သူ့ကို အာကျယ်လို့ ခေါ်ကြတယ်။ သူက နောက်မှ ရောက်လာတဲ့ ကာယနည်းပြပါ။ စကားတိုးတိုး မပြောတတ်ဘူး။ တီကီလာဆိုတဲ့ မက္ကဆီကိုအရက်ကို ကာမအားတိုးဆေးပါလို့ ကျိန်တွယ်ပြောတဲ့ ပုဂ္ဂိုလ်ပေါ့။ ပြီးတော့ အပေါင်းအသင်းနည်းတဲ့ ကျွန်တော်ရဲ့ တစ်ဦးတည်းသော မိတ်ဆွေပေါ့။ သူက သူ့လိုပဲ လက်မောင်းနှစ်ဖက်မှာ တက်တူးထိုးဖို့ ကျွန်တော့်ကို စည်းရုံးတယ်။ တဖြည်းဖြည်းနဲ့ ဟိုတုန်းက ကျွန်တော်ဟာ ဟိုအဝေးကြီးမှာ ကျန်ခဲ့သလို ဖြစ်သွားတယ်။

ကျွန်တော် စာတွေတော့ အများကြီး ဖတ်ဖြစ်ပါတယ်။ တပ်ထဲမှာ စာဖတ်ချိန် အများကြီးရတယ်။ စာအုပ်တွေဟာ စာကြည့်တိုက်မှာ အိပ်ရတယ် မရှိဘူး။ လက်မလည်အောင် ငှားဖတ်ကြတယ်။ တစ်အုပ်မှ အကောင်း မရှိတော့ဘူး။ အားလုံး စုတ်ပြတ်နေပြီ။ ကျွန်တော့်ကို ပညာတတ်တစ်ယောက်လို့ ထင်အောင် ကျွန်တော် လျှောက်ပြောနေတာ မဟုတ်ပါဘူး။ အဲဒီ လူစားမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ကျွန်တော် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ ချောစာတို့၊ ပရမ်ဖတ်တို့ကို ကျွန်တော် မဖတ်ဘူး။ ဒေါ်စတာယက်စကီလည်း မဖတ်ဘူး။ ခပ်ပေါ့ပေါ့တွေပဲ ဖတ်တယ်။ လျှို့ဝှက်သည်းဖိုတို့ ဘာတို့ပေါ့။ ကားလ်ဟိုင်ယာစန်ကို ကြိုက်တယ်။ ဖတ်ရတာ လွယ်လို့။ ပြီးတော့ ရယ်ရလို့။ ကျွန်တော် စဉ်းစားကြည့်တယ်။ အဲဒီ စာအုပ်မျိုးတွေ ကျောင်းသုံးပြဋ္ဌာန်းလိုက်ရင် ကမ္ဘာမှာ စာဖတ်တဲ့လူဦးရေ တိုးလာမှာပဲလို့။

ကျန်တဲ့ ရဲဘော်တွေနဲ့ ကျွန်တော်နဲ့ မတူတာတစ်ခု ရှိတယ်။ ကျွန်တော်က မိန်းမ မပွေဘူး။ လူပျိုဘဝ ပျော်ပျော်နေကြတာ ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအထဲ ကျွန်တော် မပါဘူး။ တချို့ဆို တွဲရုံမကဘူး၊ ဘော်လ်ကန်သူတွေနဲ့ ညားသွားတဲ့ကောင်တွေတောင် ရှိတယ်။ ဒီတော့ အငိုလွယ်သည့် ဇာတ်လမ်းမျိုးတွေ ဖြစ်ကုန်တာပေါ့။ ဒီကိစ္စတွေမှာ တပ်စည်းကမ်းက တင်းကျပ်တယ်လေ။ ကွဲကြပြဲကြ ကွာကြရှင်းကြတော့ ဇာတ်လမ်းတွေ ရှုပ်ကုန်တာပေါ့။ တိုနီကတော့ မိန်းမယူတဲ့ကောင်တွေကို လုံးဝ နားမလည်ဘူးတဲ့။ တစ်နေ့မှာ သူက ကျွန်တော့်ကို တောင်းတောင်းပန်ပန် ခေါ်တယ်။

"မင်း တစ်ခါမှ ခေါ်လို့ မရဘူး၊ ဒီနေ့တော့ လိုက်ခဲ့ပါကွာ"

"ဟင့်အင်း… ဝါသနာမပါပါဘူးဆို"

"ဟာ… ဘာလို့ ဝါသနာမပါရမှာလဲ၊ 'ဆာဘင်း'ကပြောတယ်၊ သူ့သူငယ်ချင်း ကောင်မလေးက တကယ်နိပ်တာတဲ့ မောင်။ အရပ်မြင့်မြင့်၊ ရွှေရောင်ဆံပင်နဲ့တဲ့၊ တီကီလာလည်း ကြိုက်တယ်တဲ့"

"ဒွန်ကို ခေါ်သွားပါလား၊ သူလိုက်မှာ သေချာတယ်"

"ဟာ… မဖြစ်ပါဘူး၊ ဆာဘင်းက သူ့ကို ကြည့်မရဘူးကွ"

ကျွန်တော် ဘာမှ ဆက်မပြောတော့ သူ စကားဆက်တယ်။

"ဒီည သိပ်ပျော်စရာကောင်းမှာကွ"

ကျွန်တော် ခေါင်းယမ်းပြလိုက်တယ်။ အဖေလို ဘဝမျိုးနဲ့များ ကျွန်တော် ဇာတ်သိမ်းမှာလား မသိဘူးလို့ တွေးနေမိတယ်။

ကျွန်တော့်ကို သူ ဘယ်လို စည်းရုံးလို့မှ မရနိုင်မှန်းသိသွားတော့ တိုနီ စိတ်ပျက်လက်ပျက် ညည်းပြီး ထွက်သွားတယ်။

"မင်းကို ငါ လုံးဝ နားမလည်တော့ဘူး ဠွန်"တဲ့။

◆

mgyoe.com

mgyoe.com SAMPLE BOOK

အဖေက ကျွန်တော့်ကို လေဆိပ်မှာ လာကြိုပါတယ်။ ပထမ သူ ကျွန်တော့်ကို မမှတ်မိဘူး။ သူ့ပခုံး သွားပုတ်လိုက်မှ သူ လန့်သွားပါတယ်။ အဖေ တော်တော်ပိန်သွားတယ်။ ကျွန်တော့်ကို ပွေ့ဖက်ပြီး နှုတ်မဆက်ပါဘူး။ လက်ကမ်းပေးရုံလောက်ပါပဲ။ လေယာဉ်ခရီး အဆင်ပြေရဲ့လား မေးပါတယ်။ ပြီးတော့ ဘာဆက်ပြောရမှန်းမသိဘဲ စကားပြတ်သွားပါတယ်။ ကျွန်တော်တို့ သားအဖ ကွင်းထဲမှာ ဟိုလျှောက် ဒီလျှောက်နဲ့ ယောင်လည်လည် ဖြစ်နေကြပါတယ်။ အိမ်ပြန်ရတာ အထာမကျသလိုပဲ။ အရင်အခေါက်တွေတုန်းက လည်း အတူတူပါပဲလေ။

ကားရပ်ကွင်းကို လျှောက်လာပြီး အဖေ့ကားအိုကြီးပေါ်ကို ကျွန်တော့် ပစ္စည်းတွေ ပစ်တင်လိုက်ပါတယ်။ ထူးထူးဆန်းဆန်း သူ့ကား ဘန်ပါပေါ်မှာ စာတန်းတစ်ခု ကပ်ထားတာ တွေ့ပါတယ်။ 'စစ်တပ်ကို ကူညီကြပါ' တဲ့။ အဲဒီစာတန်းနဲ့ ကျွန်တော့်အဖေ ဘာဆိုင်လို့ပါလိမ့်လို့ တွေးမိလိုက်တယ်။ ဒါပေမဲ့ ကျွန်တော် ပျော်သွားပါတယ်။

အိမ်ရောက်တော့ ကျွန်တော့်အခန်းထဲမှာ ပစ္စည်းတွေကို နေရာချပါတယ်။ အားလုံး ကျွန်တော် ထားခဲ့တဲ့အတိုင်း ခြေရာလက်ရာမပျက် တွေ့ရပါတယ်။ စင်ပေါ်မှာ ကျွန်တော် ရထားတဲ့ ဆုတံဆိပ်တွေက ဖုန်တွေ တက်လို့။ အတွင်းခံတွေထည့်တဲ့ အံဆွဲထဲက ကြက်ဆင်တံဆိပ် ပုလင်းထဲမှာ တစ်ဝက် ရှိနေသေးတယ်။ အစိမ်းရောင် ရေခဲသေတ္တာက ပုစဉ်းအော်သံထွက်လို့။ ခုံရှည်ပေါ်မှာ စောင်လွှမ်းလျက်သား။ တီဗွီကလည်း အရင်အဟောင်း။ ဝိုးတိုး ဝါးတား လေးလိုင်းပဲ မိတဲ့ တီဗွီဟောင်းကြီး။

အဖေက ခေါက်ဆွဲကြော်တယ်။ ဒီနေ့ သောကြာနေ့ကိုး။ ညစာ စားရင်း ကျွန်တော်တို့ ကြိုးကြိုးစားစား စကားပြောကြတယ်။

ကျွန်တော်က စကားစလိုက်တယ်။

"အင်း… အိမ်ပြန်လာရတာ ပျော်ပါတယ်"

အဖေ ခပ်ယဲ့ယဲ့ ပြုံးတယ်။

"အေး… ကောင်းပါလေ့ကွာ"

သူက ညစာကို စိတ်ပါလက်ပါ စားနေရင်း နို့သောက်တယ်။ ညစာစားတိုင်း ကျွန်တော်တို့သားအဖ နွားနို့သောက်ပါတယ်။

ကျွန်တော်က မရွံ့မရဲ စကားစလိုက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"အဖေ၊ တိုနီကို မှတ်မိလား၊ သူ့အကြောင်း ကျွန်တော် ထည့်ထည့် ရေးတယ်လေ၊ အဲဒီကောင် ချစ်သူတွေ့နေပြီ၊ သူ့ကောင်မလေး နာမည်က ဆာဘင်းတဲ့၊ သူ့မှာ ခြောက်နှစ်သမီးလေး ရှိတယ်၊ ကျွန်တော် တားပါသေး တယ်၊ ဒါပေမဲ့ ပြောမရဘူး"

သူက ချိစ်ကို ပန်းကန်ထဲမှာ သေသေသပ်သပ် ဖြန့်ထည့်ရင်း ပြောတယ်။

"ဟုတ်လား၊ ကောင်းတာပေါ့"

ပြီးတော့ စကားမဆက်တော့ဘဲ ဆက်စားကြတယ်။ ကျွန်တော်က နို့တစ်ကျိုက် မော့သောက်လိုက်တယ်။

တိုင်ကပ်နာရီစက်သံကလွဲပြီး တိတ်ဆိတ်နေတယ်။ ကျွန်တော် စကားပြန်စတယ်။

"အဖေ ဒီနှစ်နားတော့မှာမို့ ပျော်နေတယ် ထင်တယ်၊ ကောင်း ကောင်းနားပြီး ကမ္ဘာလှည့်ခရီးထွက်ပါလား အဖေ"

'ဂျာမနီ လာလည်ပါလား' ပြောမယ်လုပ်ပြီးမှ ကျွန်တော် အသာချို ထားလိုက်တယ်။ သူက ခေါက်ဆွဲ မွှေထည့်နေရင်း ဘာပြန်ပြောရမလဲ စဉ်းစားနေပုံရတယ်။

နောက်ဆုံးမှ အသံထွက်လာတယ်။

"ဘာလုပ်ဖြစ်မယ် မသိသေးပါဘူးကွာ"

ကျွန်တော် ဘာမှ ဆက်မပြောတော့ပါ။ အဖေလည်း တိတ်သွားပါ တယ်။ ခက်ရင်းနဲ့ ပန်းကန်ထိသံကလွဲပြီး ဘာမှ မကြားရတော့ဘူး။ စားပြီး တော့ ကိုယ့်အခန်းထဲ လျှောက်သွားခဲ့ကြတယ်။ ကျွန်တော်လည်း ခရီးပန်း လာတာနဲ့ အိပ်ရာ တန်းဝင်ခဲ့တယ်။

မနက်မိုးလင်းလို့ ကျွန်တော် အိပ်ရာကနိုးတော့ အဖေ အလုပ်ထွက် သွားပြီ။ မနက်စာစားပြီး သတင်းစာဖတ်ပြီးတော့ သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်ကြည့်တယ်။ မရဘူး။ ဒါနဲ့ ကားဂိုဒေါင်ထဲက လှိုင်းစီးဘုတ်ပြား ပိုက်ပြီး ကမ်းခြေဘက်ကို ထွက်ခဲ့တယ်။ လှိုင်း သိပ်မရှိဘူး။ ကိစ္စမရှိဘူး။ ကျွန်တော် မစီးဖြစ်တာ သုံးလရှိပြီလေ။ လှိုင်းလုံးသေးသေးကလေးတွေပေါ်မှာပဲ စီးတော့မယ်။

အဲဒီ အချိန်က ၂၀၀၀ ပြည့်နှစ် ဇွန်လ အစောပိုင်း။ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပူစပြုနေပြီ။ ရေချိုးလို့ အကောင်းဆုံးအချိန်ပေါ့။ လှိုင်းစီးဘုတ်ပြားပေါ်ကနေပြီး ကမ်းခြေ အိမ်တွေမှာ လူတွေ ပြောင်းရွှေ့နေတာ ကျွန်တော် မြင်နေရတယ်။ ကျွန်တော် ပြောခဲ့သလို ရိုက်စ်ဗီးလ်ကမ်းခြေမှာ ဒီအချိန်ဆိုရင် အိမ်ငှားတဲ့ လူတွေ ရောက်လာကုန်ကြပြီ။ သူတို့အထဲမှာ ချာပါဟီးလ်တို့၊ ရာလေ ကောလိပ်တို့က ကျောင်းသူ၊ ကျောင်းသားတွေလည်း ပါလာတတ်ကြတယ်။ ရာလေ ကျောင်းသူ တစ်သိုက်ကို ကျွန်တော် မျက်မှန်းတန်းမိနေတယ်။ သူတို့ငှားနေတဲ့ အိမ်ကြီးတွေမှာ ကိုယ်ပိုင်တံတားလေးတွေ ရှိတယ်။ ရေကူး ဝတ်စုံကလေးတွေ လုပ်လီလုပ်လဲ့နဲ့ ဆင်းလာပြီး သူတို့ ရေဆော့ကြတယ်။ ဒါပေမဲ့ ကျွန်တော် ခဏပဲ ငေးချိန်ရလိုက်တယ်။ လှိုင်းတွေ တဖြည်းဖြည်း များလာတာနဲ့ တစ်နေကုန် ရေလွှာလျှောစီးပြီး အချိန် ကုန်သွားတယ်။

ပထမ လီဗ္ဗိုင်းမှာ သွားထိုင်မလား စိတ်ကူးတယ်။ နောက်မှ အပေါင်းအသင်းတွေ ရှိတော့မှာ မဟုတ်ပါဘူးဆိုပြီး ကမ်းခြေစတိုးဆိုင်က ဘီယာတစ်လုံးတက်ဝယ်ပြီး တံတားတစ်ခုပေါ်မှာ ထိုင်လိုက်တယ်။ နေဝင်ချိန်ကို စောင့်ကြည့်မယ်ပေါ့။ ငါးမျှားနေတဲ့လူတွေ ပြန်ဖို့ ပစ္စည်းတွေ သိမ်းနေကြပြီ။ တချို့က ရထားတဲ့ ငါးတွေကို ရွေးပြီး မလိုချင်တဲ့ကောင်တွေကို ရေထဲ ပြန်ပစ်ချနေကြတယ်။ ပင်လယ်အရောင်ဟာ တဖြည်းဖြည်း ပြောင်းလာတယ်။ မိုးပြာရောင်ကနေ လိမ္မော်ရောင်ဘက် ကူးလာတယ်။ ငှက်ကြီးဝန်ပိုတစ်အုပ် လှိုင်းစီးနေတာကို ကျွန်တော် လှမ်းမြင်နေရတယ်။ ဩော်... ဒီနေ့ လပြည့်ညကိုး။ စိစ်သက် အနည်းငယ်အတွင်းမှာ ရခဲ့တဲ့ အတွေ့အကြုံတွေလေ။ အဲဒီ အချိန်မှာ ကျွန်တော့်စိတ်ကို မိုးကုပ်စက်ဝိုင်းဆီ လွှတ်ထားလိုက်တယ်။ သူဘာသာသူ လွင့်မျောနေပါစေ။ ခေါင်းထဲမှာ ဘာမှမရှိ။ ဘယ်ကောင်မလေးမှ မရှိ။ အဲဒီအချိန်မှာ တံတားတစ်ခုဘက်ကို သူတို့ နှစ်ယောက် လျှောက်လာတာ လှမ်းမြင်လိုက်တာ။ တစ်ယောက်က အရပ်ြင့်မြင့်၊ အသားဖြူဖြူ၊ ရွှေရောင်ဆံပင်နဲ့။ နောက်တစ်ယောက်က ညိုချော။ ကောင်လေးတွေ ကြိုက်မယ့်ပုံမျိုး။ နှစ်ယောက်စလုံး ကျွန်တော့်ထက် ငယ်မယ့်ပုံ။ ကောလိပ် ကျောင်းသူတွေ ဖြစ်ဖို့ များပါတယ်။ ညိုချောက အိတ်တစ်လုံး လွယ်လို့။ ကမ်းခြေမှာ အကြာကြီးနေမယ့် လူတွေ လွယ်တဲ့အိတ်မျိုး။ နှစ်ယောက်သား စကားတပြောပြော၊ ရယ်ရယ်မောမောနဲ့ လျှောက်လာနေတာ။ စိတ်လွှတ် လက်လွှတ် နေကြမယ့်ပုံ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အနားရောက်လာတော့ လှမ်းနှုတ်ဆက်လိုက်တယ်။

"ဟေး…"

ခပ်လောင်လောင် လုပ်လိုက်တာပါ။ ကျွန်တော့်ကို တုံ့ပြန်လိမ့်မယ် မထင်ပါဘူး။

ရွှေရောင်ဆံပင်များပိုင်ရှင်က ကျွန်တော့် လှိုင်းစီးဘုတ်ပြားနဲ့ လက်ထဲက ဘီယာပုလင်းကို ငဲ့ကြည့်ပြီး မျက်လုံးကလယ်ကလယ်နဲ့ လုပ်ပြတယ်။ ပြီးတော့ မသိကျိုးကျွန် လုပ်သွားတယ်။ ဒါပေမဲ့ ညိုချော တုံ့ပြန်ပုံကြောင့် ကျွန်တော် ကြောင်သွားတယ်။ သူက ပြုံးပြုံးကလေးနဲ့ ပြန်ပြောတာ။ ကျွန်တော်ရဲ့ လှိုင်းစီးဘုတ်ပြားအနား လျှောက်လာပြီး–

"ဟိုင်း… ဒီနေ့ လှိုင်းစီးလိုက်ရရင် ပျော်စရာကြီး နေမှာပဲနော်"တဲ့။

သူပြောပုံက တရင်းတနှီး။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိဖြစ်သွားတယ်။ သူတို့နှစ်ယောက် တံတားဆီ ဆက်လျှောက်သွားကြတယ်။ ညိုချောက တံတားလက်ရန်းကို မှီပြီး သူငယ်ချင်းနဲ့ ဆက်စကားပြောနေတယ်။ သိပ်မဝေးတော့ သူတို့ပြောတာတွေ ကျွန်တော် အတိုင်းသား ကြားနေရပါတယ်။ သူတို့ဆီ ထသွားပြီး မိတ်ဆက်ရကောင်းမလား စိတ်ကူးလိုက်သေးတယ်။ ဒါပေမဲ့ မဖြစ်ပါဘူး။ အလွှာချင်းမှ မတူတာ။ ဒါနဲ့ ဘီယာကို ဖိမ်ဆွဲပြီး မော့ရင်း သူတို့ကို ခေါင်းထဲက ထုတ်ပစ်လိုက်တယ်။

ဒါပေမဲ့ ကျွန်တော် မနေနိုင်ဘူး။ ရွှေရောင်လေးကို မကြာခဏ လှမ်းလှမ်းကြည့်မိတယ်။ သူတို့နှစ်ယောက် ဆက်ပြီး စကားကောင်းနေကြတယ်။ ရွှေရောင်လေးပြောတာ ကျွန်တော် ပိုကြားနေရတယ်။

ဘရက်ဆိုတဲ့နာမည် မကြာခဏ ပါလာတယ်။ ဩော်… သူ့အဆက်ကိုး။ ဘရက်ကို သူ ဘယ်လောက် ချစ်ကြောင်းတွေ၊ သူတို့သမဂ္ဂအကြောင်းတွေ၊ ကျောင်းပိတ်ရက်ကပွဲအကြောင်းတွေ၊ ပြီးတော့ သူ့သူငယ်ချင်းတွေ ချစ်ကံခေပုံ အကြောင်းတွေ။ မိန်းကလေးတစ်ယောက် ကိုယ်ဝန်ရှိသွားတဲ့ အကြောင်းလည်း ပါရဲ့။

"ငါ အတန်တန် သတိပေးပါတယ်ဟာ၊ သူ့ကောင် အကျင့်မကောင်းတဲ့အကြောင်း ငါသိတယ်လေ"

ညိုချောက စကားသိပ်မပြောဘူး။ သူ့သူငယ်ချင်းပြောတာတွေ သူ စိတ်ဝင်စားနေသလား၊ စိတ်ပျက်နေသလား ကျွန်တော် မဝေခွဲတတ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ သူ လိုက်ရယ်တဲ့အခါတော့ ရယ်တယ်။ သူ့အသံက နှစ်လိုဖွယ် ရှိတယ်ဆိုတာ ကျွန်တော် ထပ်ပြီး သတိထားလိုက်မိတယ်။ ကျွန်တော်က ဘီယာပုလင်းကို ဘေးနားရွှေ့ရင်း သူတို့ကို လှမ်းကြည့်လိုက်တယ်။ ညိုချော က သူ့အိတ်ကို လက်တန်းပေါ် လှမ်းတင်လိုက်တာ ကျွန်တော် မြင်လိုက်တယ်။

သူတို့နှစ်ယောက် ရပ်စကားပြောနေတာ ဆယ်မိနစ်လောက် ရှိပြီ။ သူတို့အရွယ် လူငယ်နှစ်ယောက် လိုက်လာပြီး တံတားပေါ်တက်လိုက်သွား တယ်။ သူတို့ပြောနေတဲ့ တက္ကသိုလ် လူဆိုးလေးတွေများလား။ တစ်ယောက်က ပန်းရောင်စပို့ရှပ်နဲ့၊ နောက်တစ်ယောက်က လိမ္မော်ရောင်။ နှစ်ယောက်စလုံး ဒူးဆစ်ဖုံး ဘောင်းဘီတိုတွေနဲ့။ သူတို့ထဲက တစ်ယောက်ကတော့ ရွှေရောင်မ ပြောတဲ့ ဘရက် ဖြစ်ရမယ်လို့ ကျွန်တော် တွက်လိုက်တယ်။ ချာတိတ် နှစ်ယောက်စလုံးရဲ့ လက်ထဲမှာ ဘီယာပုလင်းတွေနဲ့။ နှစ်ယောက်လုံး သိပ် ဣန္ဒြေ မရဘူး။ အကြံအစည် တစ်ခုခု ရှိနေပုံပဲ။ ဒါပေမဲ့ ထူးဆန်းတာက ကောင်မလေးတွေက သူတို့ကို လိုလိုချင်ချင်စောင့်နေပုံပဲ။ ချက်ချင်း ဆွဲဟယ်၊ လွဲဟယ်နဲ့ ငယ်သူငယ်ချင်းတွေမှန်း သိသာနေတယ်။ ပြီးတော့ တဟီးဟီး တဟားဟားနဲ့။

အင်္ကျီပန်းရောင်နဲ့ တစ်ယောက်က ညိုချောရဲ့ အိတ်ကြီးတင်ထားတဲ့ တံတားလက်ရန်းကို ကျောမှီပြီး ရပ်လိုက်တယ်။ သူကိုင်ထားတဲ့ ဘီယာပုလင်း ထဲက ဘီယာတွေ ထွက်ကျနေတယ်။

"ဟေး… ခဏနေရင် မီးပုံပွဲ လုပ်မလို့"

လိမ္မော်ရောင်က ရွှေရောင်မကို ဖက်ပြီး ကုပ်ပိုးကိုနမ်းရင်း ပြော တယ်။ ပြီးတော့ တစ်ဆက်တည်း အမိန့်ပေးတယ်။

"နင်တို့နှစ်ယောက်စလုံး ပြန်လိုက်ခဲ့"

"ဟေး… ပြန်လိုက်သွားမလား"

ရွှေရောင်မက ညိုချောကို လှမ်းမေးတယ်။ ညိုချောက ပြန်ပြော တယ်။

" ဒါဆို ပြန်မယ်လေ "

ပန်းရောင်က လက်နှစ်ဖက်နောက်ပစ်ပြီး လက်တန်းကို အားပြုလိုက် တော့ တင်ထားတဲ့အိတ်ကြီး ကျွမ်းထိုးပြီး ရေထဲပြုတ်ကျသွားပါလေရော။

"ဟ… ဘာကြီးလဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

နောက်လှည့်ကြည့်ပြီး သူ မေးတယ်။

"ဟောတော့… နင် တိုက်ချလိုက်တာ ငါ့အိတ် ပြုတ်ကျသွားပြီ"

"ဆောရီး ဆောရီး"

သူက ခပ်ပေါ့ပေါ့ လေသံနဲ့ ပြန်ပြောတယ်။

"ငါ့ပိုက်ဆံအိတ် ပါသွားတယ်"

သူက မျက်မှောင်ကြုတ်ပြီး–

"အေးလေ၊ ငါ စိတ်မကောင်းပါဘူးဆို"

"မပြုပ်ခင် နင် ဆင်းဆယ်ပေးလေ"

ပန်းရောင်ရော လိမ္မော်ပါ မျက်ခုံးရှုံ့သွားကြတယ်။ ကျွန်တော် အသာစောင့်ကြည့်နေတယ်။ သူတို့နှစ်ယောက်စလုံး ရေထဲဆင်းပြီး အိတ်ကို ဆယ်ဖို့ အစီအစဉ်ရှိပုံမရဘူး။ ရေထဲခုန်ချပြီး အိတ်ကို ရှာရမယ်။ ပြီးတော့ ကမ်းခြေကို ပြန်ကူးလာရမယ်။ ပြီးတော့ သူတို့က သောက်ထားတယ်။ ညိုချောက ပန်းရောင်မျက်နှာကို ကြည့်ပြီး အကဲခတ်လိုက်တယ်။ အခြေအနေကို သိသွားပုံရတယ်။ လက်ရန်းကိုခိုပြီး ရေထဲဆင်းဖို့ သူ ကြိုးစားတယ်။ အဲဒီမှာ ပန်းရောင်က သူ့ကို အတင်းဆွဲပြီး အော်တော့တာပဲ။

"ဟေ့… မလုပ်နဲ့၊ မဆင်းနဲ့ သေသွားမယ်။ ငါးမန်းတွေ ရှိချင် ရှိမှာ၊ ပိုက်ဆံအိတ်ကလေးတစ်လုံးအတွက်နဲ့ ငါဝယ်ပေးမယ်"

"ငါ့ ရှိရှိသမျှပိုက်ဆံ အထဲမှာဟဲ့"

ကျွန်တော့်ကိစ္စတော့ မဟုတ်ပါဘူး။ ကျွန်တော်နဲ့လည်း မဆိုင်ပါဘူး။ ဒါပေမဲ့ အို…သွားစမ်းပါ… ကျွန်တော် တံတားဆီကို ပြေးချသွားနေပြီ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

ရေလှိုင်းတွေထဲ ခုန်ဆင်းပြီး ဘာလို့ သူ့အိတ်ကို ပြန်ဆယ်ပေးခဲ့တဲ့အကြောင်း တော့ ကျွန်တော် ရှင်းပြဖို့လိုမယ်ထင်တယ်။ သူ ကျွန်တော့်ကို အထင်ကြီး အောင် ဇာတ်လိုက် ဝင်လုပ်တာ မဟုတ်ပါဘူး။ သူ့ပိုက်ဆံတွေအတွက် ကျွန်တော် ဒီလိုလုပ်မိတာလည်း မဟုတ်ပါဘူး။ သူ့အပြုံးနဲ့ သူ့ရယ်သံကြောင့် ပါ။ သူ့ရယ်ပုံက အသက်ပါတယ်၊ နွေးထွေးတယ်။ ရေထဲ ခုန်ချလိုက်တဲ့အချိန် မှာ ကျွန်တော်လုပ်ပုံ ဘယ်လောက် ကြောင်တယ်ဆိုတာ ကျွန်တော် သိတယ်။ အဲဒီလို သိလိုက်တဲ့အချိန်မှာ အရှိန်သတ်လို့ မရတော့ဘူး။ ရေထဲငုပ်တယ်။ အိတ်ကို ရှာတယ်။ မတွေ့လို့ ရေပေါ်ပြန်တက်လိုက်တော့ တံတားပေါ်က အောက်ငုံ့ကြည့်နေတဲ့ မျက်နှာလေးခု မြင်တယ်။ ပန်းရောင်စပို့ရှပ်နဲ့ ငတိက မျက်စိမျက်နှာ ပျက်နေတယ်။

ကျွန်တော် အော်ပြီး လှမ်းမေးတယ်။

"ဘယ်ဘက်မျောသွားလဲ"

ညီချောက ပြန်အော်ပြီး ဖြေတယ်။

"ဟိုဘက်မှာ အဲဒီအနားမှာ မြုပ်သွားတာ၊ ခုတောင် မြင်နေရ သလိုပဲ"

ကျွန်တော် ရေအောက်ကို ထပ်ငုပ်ပြီး ရှာတယ်။ ညနေဆည်းဆာ ရောင်ခြည်မှာ ချက်ချင်း တွေ့ပါတယ်။ ရေပေါ်ကို ဝုန်းခနဲ ပြန်တက်လာပြီး အိတ်ကို ဆွဲရင်း တံတားဘက် ကူးသွားတယ်။ လှိုင်းနဲ့အတူ အလိုက်သင့်

mgyoe.com

mgyoe.com

ကူးသွားတော့ ကမ်းခြေကို လွယ်လွယ်ကူကူပဲ ရောက်သွားတယ်။ သူတို့က ကျွန်တော့်နောက်ကို တံတားပေါ်က ဆင်းပြီး ပြေးလိုက်လာကြတယ်။

အောက်ခြေကို ခြေထောက် ထောက်မိတာနဲ့ ခေါင်းက ရေတွေကို ခါချပြီး သဲပြင်ပေါ် လျှောက်သွားတယ်။ သူတို့အနားရောက်မှ ရှေ့ဆိုပြီး ရေတွေ စက်စက်နစ်နေတဲ့ အိတ်ကြီးကို ကမ်းပေးလိုက်တယ်။

"ကျေးဇူးတင်ပါတယ်"လို့ ညိုချောက ပြန်ပြောတယ်။ သူနဲ့ မျက်လုံးချင်းဆိုင်မိတော့ ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ ထစ်ခနဲ အသံကြားလိုက်သလိုပဲ။ သော့ခလောက်ထဲကို သော့တံထည့်ပြီး ဖွင့်လိုက်တဲ့ အသံမျိုး။ ကျွန်တော် တကယ်ပြောတာပါ။ ကျွန်တော်ဟာ ဘယ်တုန်းကမှ စိတ်ကူးယဉ်တတ်တဲ့ ကောင်မျိုး မဟုတ်ပါဘူး။ ချစ်ခြင်းအစ မျက်စိက၊ အချစ်ဆိုတာ စတွေ့စမှာ ဖြစ်တတ်တာ၊ ဘာညာ ဘာညာတွေ ကျွန်တော် ဘယ်တုန်းကမှ မယုံပါဘူး။ ခုလည်း မယုံပါဘူး။ ဒါပေမဲ့ မယုံလို့ မရအောင် ဖြစ်နေတယ်။ ကျွန်တော် သူ့ကို စိုက်ကြည့်နေမိတယ်။ မျက်စိလွှဲလို့ မရတော့ သလို ဖြစ်နေတယ်။

သေသေချာချာကြည့်တော့ မိန်းကလေးက ကျွန်တော်ထင်တာထက် အပုံကြီး ပိုလှနေပါကလား။ လှတာထက်ကို ပိုလှနေတယ်လို့ ပြောရမလို ဖြစ်နေတယ်။ ပါးစပ်ကို ခပ်ဟဟကလေးထားပြီး ပြုံးတဲ့အပြုံးကြောင့်လည်း မဟုတ်ဘူး။ နဖူးပေါ်ဝဲကျနေတဲ့ ဆံနွယ်ကလေးတွေကို အမှတ်မထင်သပ်တင်လိုက်တာက လှတာလား။ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် လှုပ်ရှားပုံက လှတာလား။ ခွဲခွဲခြားခြား ကျွန်တော် မသိ။ ကျက်သရေရှိတာတော့ အမှန်။

သူက အံ့သြတဲ့ လေသံနဲ့ ပြောတယ်။

"ရှင် အဲဒီလိုလုပ်ဖို့ မလိုပါဘူး။ ကျွန်မလည်း ရေကူးတတ်တာပဲ"

ကျွန်တော်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်တယ်။

"သိပါတယ်၊ မြင်လိုက်တယ်လေ၊ ခုန်ဆင်းမယ်လုပ်နေတုန်း…"

ခေါင်းကလေးတစ်ဖက်ငဲ့ပြီး သူ စကားဆက်တယ်။

"အားနွဲ့တဲ့ မိန်းကလေးကို ကူညီပေးရမယ်ဆိုတဲ့ သဘောနဲ့လား"

"အင်း… ဟုတ်မလားပဲ"

ကျွန်တော့်အဖြေကို သူခဏတွေပြီး စဉ်းစားနေပုံရတယ်။ နောက်မှ

mgyoe.com

mgyoe.com

အိတ်ကို ငုံ့ကြည့်ပြီး ဖွင့်တယ်။ အထဲက ပစ္စည်းတွေကို ဆွဲထုတ်တယ်။ ပိုက်ဆံအိတ်၊ နေကာမျက်မှန်၊ မျက်နှာဖုံး။ အားလုံးထုတ်ပြီး ရွှေမကလေးကို ကမ်းပေးတယ်။ ပြီးမှ အိတ်ကို ရေညှစ်တယ်။

ရွှေမက အိတ်ကိုဖွင့်ကြည့်ပြီး ပြောတယ်။

"ဟင်... နင့်ဓာတ်ပုံတွေ ရေစိုကုန်ပြီ"

ညီချောက ဘာမှ ပြန်မပြောဘဲ အိတ်ကို ရေဆက်ညှစ်ချနေတယ်။ ပြီးမှ သူ့ပစ္စည်းတွေ ပြန်ယူပြီး အိတ်ထဲ ပြန်ထည့်တယ်။ ပြန်ပိတ်တယ်။

ကျွန်တော့်ဘက်လှည့်ပြီး-

"ကျေးဇူးတင်တဲ့အကြောင်း ထပ်ပြောပါရစေနော်"

သူ့လေသံက ကာရိုလိုင်းနားမြောက်ပိုင်းသံ မဟုတ်ဘူး။ နည်းနည်းဝဲတယ်။ တောင်ပိုင်းသံ ပေါက်နေတယ်။

"ကိစ္စမရှိပါဘူးဗျာ"

ကျွန်တော်က မတုန်မလှုပ် ရပ်နေလျက်က ဗလုံးဗထွေး ပြန်ပြောလိုက်တယ်။ အဲဒီမှာ ပန်းရောင်ဝတီက အသံကျယ်ကျယ်နဲ့ ဝင်ပြောတယ်။

"ဟော့... သူဘောက်ဆူးလေး ဘာလေး လိုချင်နေလား မသိဘူး"

မိန်းကလေးက အူကြောင်ကြောင် ဖြစ်သွားပုံနဲ့ သူ့ကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်တယ်။

"ကျွန်မ ပေးပါ့မယ်၊ လက်ခံပါနော်"

"ဟင့်အင်း မယူပါဘူး၊ ကူညီခွင့်ရတဲ့အတွက် ကျွန်တော် ဝမ်းသာနေတာပါ"

ကျွန်တော်က လက်ကာပြပြီး ပြန်ပြောလိုက်တယ်။

"အလယ်ခေတ် သူရဲကောင်းတွေ ရှိသေးတယ်နော်"

သရော်တာတော့ မဟုတ်လောက်ပါဘူး။ လုံးဝ သရော်သံမစွက်ဘဲ သူ ပြောလိုက်တာပါ။

လိမ္မော်ရောင်က စကားဝိုင်းထဲ ဝင်လာပြီး ကျွန်တော့် ဆံပင်ပုံစံကို ကြည့်ရင်း ပြောတယ်။ လက်တစ်ဖက်က ရွှေမကို သိုင်းဖက်ထားပြီးပြောတာ-

"မင်းက 'မရင်း'လားကွ"

သူက ကျွန်တော့်ကို ကမ်းတက်တပ်သားလို့ အောက်မေ့ပုံရတယ် ထင်ပါရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟင့်အင်း၊ ငါက ပေါ့ပေါ့နေ ပေါ့ပေါ့စား မဟုတ်ဘူးကွ၊ ခြေလျင် တပ်က"

ညီမျောလေးက ရယ်တယ်။ ကျွန်တော့်အဖေလို မဟုတ်ဘူး။ ဟာသကို နားလည်ပုံရတယ်။ ပြီးတော့ တစ်ဆက်တည်း ပြောတယ်။

"ကျွန်မနာမည် ဆာဗာနာပါ၊ ဆာဗာနာလင်းကားတစ်ပါ၊ ပြီးတော့ သူက ဘရက်၊ သူက ရန်ဒီ၊ သူက ဆူဆန်"

ပြောပြီး လက်ဆန့်ပေးတယ်။ ကျွန်တော်က သူ့လက်ကလေးကို လှမ်းဆွဲပြီး ပြန်ပြောလိုက်တယ်။

"ဂျွန်တိုင်ရီပါ"

ပြောပြီး သူ့လက်ဖဝါး နုနုနွေးနွေးကလေးကို ဆုပ်လိုက်တယ်။ ကတ္တီပါသားလို နူညက်ညက်လက်ဖဝါးကလေး။ ခုမှ သတိထားမိလိုက်တယ်။ မိန်းကလေးတစ်ယောက်နဲ့ မထိတွေ့ရတာ ကြာပါပေါ့လား။

"ကျွန်မစိတ်ထဲမှာ ရှင့်ကို တစ်ခုခု လုပ်ပေးချင်နေတယ်"

"ဘာမှ လုပ်ပေးဖို့ မလိုပါဘူးဗျာ"

သူက ကျွန်တော် ပြောတာကို ဂရုမစိုက်ဘဲ ပြန်မေးတယ်။

"ဘာစားပြီးပြီလဲဟင်၊ ကျွန်မတို့က ချက်ပြီး ပြုတ်ပြီးနေပြီ၊ လိုက်စားပါလား၊ ပြီးမှ လည်စရာရှိတဲ့နေရာတွေ ထွက်လည်မယ်လေ"

တက္ကသိုလ်ကျောင်းသားနှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်တယ်။ ပန်းရောင်ရန်ဒီက မျက်နှာ အောက်ချထားတယ်။ ကျွန်တော့်ကို ပေါပြစ်အောင် လုပ်တဲ့ကောင်လေ။ ဘာတဲ့... ဘောက်ဆူးလေး ဘာလေး လိုချင်နေတာလား မသိဘူးတဲ့။ သူ မျက်နှာပျက်နေတာကြည့်ပြီး ကျွန်တော် ပျော်သလိုလို ဖြစ်သွားတာ ဝန်ခံပါတယ်။

နောက်ဆုံး လိမ္မော်ရောင်ဘရက်က ဝင်ဖြတ်လိုက်တယ်။

"အေးလေ၊ လိုက်စားလေကွာ၊ ပျော်စရာကောင်းမှာပါ၊ တို့ငှားထားတဲ့ အိမ်က မဝေးပါဘူး၊ တဲတားထိပ်တင်ပါ"

သူက အိမ်ကြီးတစ်လုံးကို လှမ်းပြီး လက်ညှိုးထိုးပြတယ်။

အိမ်ရှေ့မှာ လူဒါဖင်ဝက်လောက် စုနေတာ လှမ်းမြင်နေရတယ်။ အသွင်မတူတဲ့ ဒီငတိတွေနဲ့ ကျွန်တော် မရောချင်ပါဘူး။ ဆာဗာနာရဲ့ အပြုံးကလေးကို မြင်လိုက်တာနဲ့ ငြင်းတော့မယ့် စကားလုံးတွေ တစ်မျိုး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မည် ဖြစ်ကုန်တယ်။

"အင်း... ကောင်းသားပဲ၊ လှိုင်းစီးဘုတ်ပြား သွားယူလိုက်ဦးမယ်၊ ပြီးတော့ လိုက်ခဲ့မယ်"

ရန်ဒီက ဆာဗာနာဆီ လျှောက်လာရင်း ပြောတယ်။

"အေး... လိုက်ခဲ့နော်"

ဒါပေမဲ့ ညီချောက သူပြောတာကို မကြားသလို လုပ်နေပြီး သူတို့ အုပ်စုထဲက ခွဲထွက်လာရင်း ကျွန်တော့်ဘက် လှည့်ပြောတယ်။

"လျှောက်လိုက်ခဲ့မယ်လေ၊ အဲဒါလောက်တော့ လက်ခံပါနော်"

ပြီးတော့ သူတို့ဘက် လှည့်ပြောလိုက်တယ်။

"သွားနှင့်ကြဟေ့၊ တို့ လိုက်ခဲ့မယ်"

ကျွန်တော်တို့က ဘုတ်ပြားယူပြီး တက်လာတော့ သူတို့က ကျွန်တော်တို့ကို လှမ်းကြည့်နေကြတယ်။ ကျွန်တော်က တစ်ချက်ပြန်ကြည့်လိုက်တော့ ရွှေမကို ဘရက်က သိုင်းဖက်ထားရက်ပဲ။

ဆာဗာနာ စကားစတယ်။

"ဆူဆန်ကတော့ ဆာဗာနာ့ကို ရှုံးသွားသလား ထင်မှာပဲ"

"ဘာပြုလို့"

"သူနဲ့လိုက်လာလို့ပေါ့၊ သူတို့က ကျွန်မကို ရန်ဒီနဲ့ သဘောတူနေကြတာ၊ အဲဒီကောင်ကလည်း တစ်နေကုန် သူများကို လိုက်ကပ်နေတာလေ"

ဘယ်လို တုံ့ပြန်ရမှန်း မသိတာနဲ့ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ ဟိုး... မိုးကုပ်စက်ဝိုင်းထဲကနေ ပင်လယ်ရေပြင်ပေါ်ကို လဝန်းနီကြီး တဖြည်းဖြည်းတက်လာနေပြီ။ ဆာဗာနာ စိုက်ကြည့်နေတယ်။ ပြီးတော့မှ မေးတယ်။

"ဘယ်မှာ တာဝန်ကျသလဲဟင်"

"ဂျာမနီမှာ၊ နှစ်ပတ် ခွင့်ရလို့ အဖေ့ဆီ ပြန်လာတာ၊ မင်းက တောင်ပေါ်က ထင်တယ်၊ ဟုတ်လား"

သူက အံ့သြတဲ့ အကြည့်နဲ့ ကျွန်တော့်ကို ကြည့်တယ်။ ပြီးတော့မှ ပြုံးပြီး ပြန်ပြောတယ်။

"လီနိုဝါကပါ"

ပြောပြီး သူ ကျွန်တော့်ကို သေသေချာချာကြည့်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သူများ လေသံကို အကဲခတ်ပြီး တောင်ပေါ်သူထင်တာ မဟုတ်လား"

"အဲဒီလို မဟုတ်ပါဘူးဗျာ"

"ဟုတ်ပါတယ်၊ ကျွန်မက တောသူစစ်စစ်ပါ၊ မွေးမြူရေးခြံထဲမှာ ကျွန်မ ကြီးလာတာပါ။ ဟုတ်တယ်၊ ကျွန်မ လေသံက တောသံပေါက်နေမှာပေါ့၊ ဒါပေမဲ့ တချို့က အဲဒီလို ဝဲတာလေးက ချစ်စရာလို့ ပြောကြတယ်"

"သဘောကျတဲ့အထဲမှာ ရန်ဒီလည်း ပါမှာပေါ့"

မပြောသင့်မှန်း သိရက်နဲ့ ထွက်သွားတဲ့ စကားပါ။ သူ ဆံပင်ကို တစ်ချက်သပ်တယ်။ ခဏတွေသွားပြီးမှ သူ စကားပြန်တယ်။

"ရန်ဒီက လူကောင်းကလေး ထင်ပါတယ်၊ ဒါပေမဲ့ သူ့ကို သိပ်နားမလည်ဘူး၊ ခုပါတဲ့ လူတွေထဲမှာ ကျွန်မ နားမလည်တဲ့လူတွေ အများကြီးပဲ၊ တင်မ်နဲ့ ဆူဆန်နှစ်ယောက်က လွဲလို့ပေါ့လေ"

ခြင်တစ်ကောင်ကို လက်နဲ့ မောင်းလိုက်ပြီးမှ သူ ဆက်ပြောတယ်။

"တင်မ်ကို တွေ့ရမှာပါ၊ သူကတော့ လူတော်တစ်ယောက်ပါ၊ သူ့ကိုတွေ့ရင် ခင်သွားမှာ၊ လူတိုင်း သူ့ကို ခင်ကြတယ်လေ"

"မင်းတို့လူသိုက် ကျောင်းပိတ်ရက် တစ်ပတ် ခရီးထွက်လာကြတာလား"

"ကျွန်မတို့ တစ်လကြာမှာ၊ အမှန်က ကျောင်းပိတ်ရက် ခရီးထွက်တာ မဟုတ်ဘူး၊ ဆင်းရဲသားများဘဝ မြှင့်တင်ရေးဆိုတာ ကြားဖူးမယ်ထင်တယ်၊ ကျွန်မတို့က အဲဒီ ပရဟိတအသင်းရဲ့ စေတနာ့ဝန်ထမ်းတွေလေ၊ လူဆင်းရဲ မိသားစုအတွက် အိမ်နှစ်လုံး ဆောက်ဖို့တာဝန်နဲ့ ကျွန်မတို့ ထွက်လာတာ၊ အဲဒီ အသင်းနဲ့ ကျွန်မတို့မိသားစု ပတ်သက်ခဲ့တာ ကြာပြီ"

သူ့ပခုံးပေါ်ကို ကျော်ပြီး သူတို့ အိမ်ကြီးဆီကို လှမ်းကြည့်လိုက်တယ်။ မီးပုံပွဲ အသက်ဝင်စပြုနေပြီ။ သီချင်းသံတွေ လွင့်ပျံလာနေပြီ။ ရယ်သံတွေ လျှံထွက်လာနေပြီ။ ကျောင်းသူတွေရော ကျောင်းသားတွေပါ ဘီယာခွက်ကိုယ်စီနဲ့။ ပရဟိတအဖွဲ့နဲ့ မတူဘဲ အပျော်ကြူးနေကြတဲ့ စည်းလွတ်ဝါးလွတ် လူငယ်တစ်သိုက်နဲ့ တူနေတယ်။ ကောင်လေးတွေနဲ့ ကောင်မလေးတွေ တစ်ယောက်နဲ့ တစ်ယောက် အမိဖမ်းမယ့်ပွဲကြီးနဲ့လည်း တူနေတယ်။ ကျွန်တော် ငေးပြီး တွေးနေတဲ့အကြောင်း သူ ရိပ်မိသွားပုံရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မတို့ အလုပ်က တနင်္လာနေ့မှ စမှာ၊ အဲဒီတော့မှ စေတနာ့ဝန်ထမ်းအလုပ်ဆိုတာ ဘာလဲ သူတို့ သိမှာ"

"ကိုယ် ဘာမှ မဝေဖန်ဘူးနော်…"

"ထုတ်ပြောဖို့ မလိုပါဘူးလေ၊ ရှင်တွေးတာ မှန်ပါတယ်၊ သူတို့အများစုဟာ ဒီလိုအလုပ်မျိုးနဲ့ မရင်းနှီးကြဘူး၊ သူတို့ ကိုယ်ရေးမှတ်တမ်းမှာ တစ်ကြောင်းဖြည့်ဖို့လောက်ပဲ သူတို့ စိတ်ဝင်စားကြတာ၊ ဘွဲ့ရပြီးတဲ့နောက် ဘာတွေလုပ်ရမယ်၊ ဘယ်လိုအလုပ်မျိုးတွေ လုပ်ရမယ်ဆိုတာ သူတို့မသိဘူး၊ ဒါပေမဲ့ နောက်ဆုံးမှာ အိမ်နှစ်လုံးတော့ ပြီးသွားမှာပါ၊ ခါတိုင်းလည်း ဒီလိုပါပဲ"

"အရင်တုန်းက မင်း လုပ်ခဲ့ဖူးလို့လား"

"ကျွန်မ ဆယ့်ခြောက်နှစ်သမီးကတည်းက စလုပ်လာတာ၊ နွေရာသီတိုင်းပဲ၊ အရင်တုန်းက ဘုရားကျောင်းနဲ့ တွဲလုပ်တယ်၊ နောက် တက္ကသိုလ်ရောက်တော့ ကျွန်မတို့ အသင်းတစ်ခု စဖွဲ့တယ်၊ တင်မ်က ဦးဆောင်တာပေါ့၊ သူကလည်း လီနီဝါကပဲလေ၊ သူက ဘွဲ့ရပြီးပြီ၊ မဟာဆက်တက်မလို့ ပြင်နေတာ၊ နွေရာသီမှာ အကြိုသင်တန်းတွေ မတက်ဘဲ လုပ်လက်စ စေတနာ့ဝန်ထမ်းအဖွဲ့နဲ့ လိုက်လာတာ၊ အိမ်ဆောက်တဲ့နေရာမှာ အားလုံး ရာနှုန်းပြည့် လုပ်အားပေးပဲ၊ ဝင်ငွေတစ်ပြားမှ မရဘူး၊ ကိုယ့်စရိတ်ကိုယ်စားပဲ၊ ဒါကြောင့် အိတ်သာ ပြန်မရရင် တစ်လလုံး ကျွန်မ ထမင်းငတ်မှာ"

"မင်းကိုတော့ သူတို့ အငတ်မထားပါဘူးကွာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သူများကျွေးတာ လနဲ့ချီပြီး ဘယ်စားလို့ ဖြစ်ပါ့မလဲ"

"ဘာပြုလို့ ဒီနေရာကိုရွေးပြီး အိမ်တွေ လာဆောက်တာလဲ၊ လီနီဝါတို့၊ ရာလေတို့မှာ ဘာလို့ သွားမဆောက်တာလဲ"

"ဒီမှာက ကမ်းခြေဆိုတော့ ကျောင်းသားတွေကို စည်းရုံးလို့ လွယ်တယ်လေ။ ဟိုလိုနေရာတွေကို လနဲ့ချီပြီး သွားနေဖို့ကျတော့ လိုက်မယ့်လူ ရှိမှာ မဟုတ်ဘူး။ ဒီနှစ် လူသုံးဆယ်ပဲ ရတယ်"

သူနဲ့ လူချင်းကပ်ပြီး လျှောက်နေကြတာကို ကျွန်တော် သတိထားမိတယ်။ ကျွန်တော်က ခေါင်းညိတ်ပြီး မေးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ဘွဲ့ရပြီးပြီလား"

"ဟင့်အင်း၊ နောက်ဆုံးနှစ် စိတ်ပညာ၊ အဓိကယူထားတာကို မေးဦးမှာ မဟုတ်လား"

"ဟုတ်တာပေါ့"

"တက္ကသိုလ်တက်ပြီဆိုရင် လူတွေက ဒါပဲ မေးကြတယ်နော်"

"ကိုယ့်ကိုကျတော့ တပ်ထဲမှာ ပျော်ရဲ့လားပဲ မေးကြတယ်"

"ပျော်ရဲ့လား"

"ကိုယ် မပြောတတ်ဘူး"

သူ ရယ်တယ်။ သူ ရယ်တာကို သဘောကျတယ်။ နောက်ထပ် သူ့ရယ်သံကို ကြားချင်နေသေးတယ်။ အိမ်ကြီးနား ရောက်ခါနီးလာတော့ လက်တစ်ဖက်မှာ ကိုင်လာတဲ့ ဘီယာပုလင်းခွံကို အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။ ကောင်းကင်မှာ ကြယ်တွေ လင်းလာနေပြီ။ ကမ်းခြေအိမ်တွေရဲ့ မီးရောင်တွေ သဲပြင်ပေါ်ကို ဖြာဆင်းနေပြီ။

"စစ်တပ်ကို သဘောကျ၊ မကျ မသေချာဘဲနဲ့ ဘာလို့ ဝင်လိုက်တာလဲဟင်"

ကျွန်တော် ဘယ်လို ပြောရမှန်း မသိတာနဲ့ ခဏတွေသွားတယ်။ လှိုင်းစီးဘုတ်ပြားကို ဘယ်ညာပြောင်းကိုင်လိုက်ပြီး-

"လိုအပ်လို့ ဝင်လိုက်တာပဲ ထင်တယ်"

ကျွန်တော့် စကားအဆက်ကို သူ စောင့်နေတယ်၊ ဘာမှ မဆက်တော့ သူက နားလည်သလို ခေါင်းညိတ်ပြီး -

"ခွင့်နဲ့ အိမ်ပြန်လာရတာတော့ ပျော်စရာပေါ့နော်"

"အင်း... ဒါပေါ့"

"အဖေလည်း ပျော်မှာပေါ့နော်"

"အင်း... ပျော်မယ် ထင်ပါတယ်"

"သူ့အနေနဲ့ ဂုဏ်ယူနေမှာပဲနော်"

"အင်း... အင်းပေါ့လေ"

"ပြောပုံက မသေမချာကြီး"

"ကိုယ့်အဖေနဲ့ တွေ့မှ မင်းနားလည်မှာ၊ သူက စကားသိပ်မပြောဘူး"

မျက်လုံးရွှဲကြီးတွေပေါ်မှာ လရောင် ထိုးကျနေတာကို ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ငဲ့ကြည့်လိုက်မိတယ်။ သူ့စကားသံလေးက ပိုပြီး နူးညံ့လာတယ်လို့ ကျွန်တော် ထင်လိုက်တယ်။

"သားအတွက် ဂုဏ်ယူတဲ့အကြောင်း အဖေတွေ ထုတ်ပြောလေ့ မရှိကြပါဘူး၊ တခြား တစ်နည်းနည်းနဲ့ သူ ပြမယ် ထင်ပါတယ်"

ကျွန်တော် စဉ်းစားလိုက်တယ်။ မိန်းကလေးပြောတာ ဖြစ်နိုင်ပါတယ်။ သူတို့ မီးပုံပွဲအိမ်ဘက်ဆီက စူးစူးဝါးဝါးအော်သံတွေ ထွက်လာတယ်။ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ဖက်ထားတဲ့ပုံရိပ်ကိုလည်း ရေးရေးလှမ်းမြင်ရတယ်။ ကောင်မလေးက ရယ်ပြီး သူ့ရင်ဘတ်ကို တွန်းနေတယ်။ ဘရက်နဲ့ ဆူဆန်တို့အတွဲကိုလည်း မီးပုံပွဲအလင်းရောင်နဲ့ မြင်နေရတယ်။ ရန္ဒီကို လူအုပ်ထဲမှာ မတွေ့ဘူး။

"မင်းပြောတယ်၊ အတူတူလာတဲ့ လူတချို့ကို မင်းမသိဘူးလို့ ပြောတယ်၊ ဟုတ်တယ်နော်"

သူခေါင်းခါပြတော့ ဆံပင်တွေ ပခုံးပေါ် ဝဲကျလာတယ်။ သူက လက်နဲ့ သပ်ရင်း ပြန်ပြောတယ်။

"အင်း… သိပ်မသိဘူး၊ ရုံးခန်းထဲမှာ လက်မှတ်ထိုးမှ တွေ့ကြတာလေ၊ ပြီးတော့ ဒီရောက်မှ ဆုံကြတာ၊ ကျောင်းမှာတော့ မြင်ဖူးကြတာပေါ့လေ၊ သူတို့ အချင်းချင်းတော့ သိကြမှာပေါ့၊ ကျွန်မ အသိတော့ သိပ်မပါဘူး၊ သူတို့ အများစုက ကလပ်တွေ၊ အသင်းအဖွဲ့တွေမှာ ပါကြတယ်၊ သဘောကောင်းကြပါတယ်"

သူပြောတာ နားထောင်ပြီး တစ်ခုသွားစဉ်းစားမိတယ်။ ဘယ်သူ့အကြောင်းမှ မကောင်းမပြောတဲ့ မိန်းကလေးမျိုးလား။ အများနဲ့မတူတာတော့ အမှန်။ အိမ်ကြီးနားရောက်လာပြီ။ ကျွန်တော်က ထပ်မေးလိုက်တယ်။

"မင်းအသက် ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ့်တစ်၊ ပြီးခဲ့တဲ့လက မွေးနေ့လေ၊ သူကကော"

"နှစ်ဆယ့်သုံး၊ မင်းမှာ ညီအစ်ကိုမောင်နှမတွေ မရှိဘူးလား"

"မရှိဘူး၊ တစ်ယောက်တည်းမွေးတာ၊ အဖေရော၊ အမေရော လီနိုဝါမှာပဲ၊ သူတို့အိမ်ထောင်သက် နှစ်ဆယ့်ငါးနှစ်ရှိပြီ၊ ကဲ… သူ့အလှည့်"

"အတူတူပါပဲ၊ ကိုယ်လည်း ဥတစ်လုံး တစ်ကောင်ကွက်ပဲ၊ အဖေနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

နှစ်ယောက်တည်းရယ်''

ကျွန်တော် ဖြေပုံက မပြည့်စုံဘူး။ အမေ့အကြောင်း မပါလို့။ သူ ဆက်မေးမှာပဲ ထင်လိုက်တယ်။ သူ လုံးဝ မမေးတော့ ကျွန်တော် အံ့ဩသွားတယ်။

''ရေလွှာလျှောစီး အဖေ သင်ပေးတာလား''

''ဟင့်အင်း… ကိုယ့်ဟာကိုယ် စီးရင်းတတ်တာ၊ ငယ်ငယ်လေးကတည်းက''

''သိပ်တော်တာပဲ၊ စောစောက စီးပုံကို တွေ့လိုက်တယ်၊ ဘာမှအားမစိုက်ရသလိုပဲ၊ သိပ်လှတာပဲ၊ သူ့လို စီးတတ်ချင်လိုက်တာ''

''တတ်ချင်ရင် သင်ပေးမယ်လေ၊ လွယ်ပါတယ်၊ မနက်ဖြန်လည်း စီးဦးမှာ''

သူ တံ့ခနဲ ရပ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို စိုက်ကြည့်တယ်။ ပြီးတော့ ကျွန်တော့်လက်မောင်းကို ပုတ်ပြီး ပြောတယ်။

''မသေချာဘဲနဲ့ လျှောက်ပြောမနေပါနဲ့၊ သူတို့နဲ့တွေ့ဖို့ နောက်ကလိုက်ခဲ့နော်''

ပြောပြီး မီးပုံပွဲအိမ်ကြီးဆီကို ပြေးထွက်သွားတယ်။ ကျွန်တော် တံတွေးမျိုချလိုက်တယ်။ အာခေါင်တွေ ခြောက်နေသလိုပဲ။ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး။

◆

အိမ်ကြီးက အရပ်ဆိုးဆိုး သုံးထပ်တိုက်ကြီး။ အောက်ဆုံးထပ်က ကားရုံ။ အိပ်ခန်း ခုနစ်ခန်း၊ ရှစ်ခန်းရှိမယ့် အိမ်ကြီးမျိုး။ ဧည့်ခန်းမှာ စားပွဲတွေ စက်ဝိုင်းပုံသဏ္ဍာန် ချထားတယ်။ ဝရန်တာ လက်ရန်းတွေပေါ်မှာ မျက်နှာသုတ်ပဝါတွေ စီလှန်းထားတယ်။ နေရာတိုင်းမှာ စကားပြောသံတွေ ဆူညံနေတယ်။ အကင်စားပွဲတစ်ခုဆီကနေ အသားကင်နံ့ မွှေးကြိုင်နေတယ်။ အကင်ကင်နေတဲ့ လူငယ်တစ်ယောက်က အင်္ကျီချွတ်နဲ့။

အိမ်ရှေ့ သဲပြင်ပေါ်မှာ တွင်းကြီးတူးပြီး မီးဖိုထားတာ။ ဆွယ်တာအပွကြီးတွေ ဝတ်ထားတဲ့ ကောင်မလေးတွေ ကုလားထိုင်ကိုယ်စီနဲ့ ဝိုင်းဖွဲ့ထိုင်နေကြတယ်။ သူတို့နောက်က ဝိုင်းပြီးရပ်နေတဲ့ ကောင်လေးတွေကို မသိ

mgyoe.com

mgyoe.com SAMPLE BOOK

ကျိုးကျွန်ပုံစံမျိုးနဲ့ပေါ့။ ကောင်လေးတွေကလည်း ကောင်မလေးတွေကို ဂရုမစိုက်ဟန်နဲ့ အမျိုးမျိုး ဂိုက်ပေးနေကြတယ်။ ဒီလိုပုံစံမျိုးလေးတွေ လီဗျိုင်းဘားမှာ မကြာမကြာမြင်ဖူးတာပေါ့။ ဘွဲ့ရတွေရော၊ ဆယ်တန်းကျတွေရောပဲ လေ။

မထူးပါဘူး၊ ဒီလူသိုက်လည်း အတူတူနေမှာပါပဲ။ နှစ်ဆယ်ဝန်းကျင်တွေ။ လေထုထဲမှာ ရမ္မက်ခိုးတွေ၊ ဘီယာခိုးတွေနဲ့အတူ ဝေနေတယ်။ မကြာခင် ဘာတွေဖြစ်လာမယ်ဆိုတာ မှန်းလို့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော် ကြာကြာ နေမှာ မဟုတ်ပါဘူး။

ကျွန်တော် ရောက်သွားတော့ ဆာဗာနာက အကြံပေးတယ်။

"ဟိုအနားက သောင်စပ်မှာ သွားထိုင်ရင် မကောင်းဘူးလား"

"အင်း… ကောင်းတာပေါ့"

ကျွန်တော်တို့နှစ်ယောက် မီးဖိုနဲ့ ခပ်လှမ်းလှမ်းမှာ ကုလားထိုင်နှစ်လုံးချပြီး သွားထိုင်ကြတယ်။ ကောင်မလေးတွေက လူစိမ်း ကျွန်တော့်ကို ကွက်ကြည့် ကွက်ကြည့်နဲ့။ ရန်ဒီက ဘီယာပုလင်းကိုကိုင်ပြီး မီးပုံနားရောက်လာတယ်။ ကျွန်တော်တို့ကို လှမ်းမြင်တော့ တစ်ဖက် လှည့်သွားတယ်။

ဆာဗာနာက အားလုံးကို ဘာမှ ဂရုမစိုက်တဲ့ပုံစံနဲ့ မေးတယ်။

"ဘာစားမလဲ၊ ဟော့ဒေါ့လား၊ ကြက်ကင်လား"

"ကြက်ကင်"

"ဘာသောက်မလဲ"

မီးပုံပွဲရဲ့ မီးရောင် နီကြန်ကြန်မှာ သူ့မျက်နှာဟာ တစ်မျိုးအရောင်လက်နေတယ်။

"မင်းသောက်တာပဲ သောက်ပါ့မယ်၊ ကျေးဇူးပဲ"

"ခဏလေးနော်"

သူ လှေကားဆီ လျှောက်သွားတယ်။ သူ့နောက် ထလိုက်သွားမယ် လုပ်ပြီးမှ စိတ်ထိန်းပြီး မီးဖိုဘက် လျှောက်သွားလိုက်တယ်။ ပြီးတော့ ရှပ်အင်္ကျီကိုချွတ်ပြီး ကုလားထိုင်လွတ်တစ်လုံးပေါ် လှမ်းတင်လိုက်တယ်။ ပြီးမှ ကျွန်တော့်ခုံမှာ ပြန်လာထိုင်လိုက်တယ်။ ရန်ဒီက ကျွန်တော့်ကို လှမ်းကြည့်တော့ ကျွန်တော် မျက်နှာလွှဲလိုက်တယ်။ ဆာဗာနာ့အကြောင်း ကျွန်တော် ဘာမှမသိဘူး၊ တိုးလိုးတန်းလန်းဖြစ်မယ့်အလုပ်မျိုး ကျွန်တော် မလုပ်ချင်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်နှစ်ပတ်ဆို ပြန်ရတော့မှာလေ။ စားပြီးပြန်ဖို့ပဲ ကျွန်တော် စိတ်ကူးနေတယ်။ အဲဒီ အချိန်မှာ အရပ်မြင့်မြင့် လူရွယ်တစ်ယောက် ကျွန်တော့်အနားလာရပ်တယ်။ ပိန်ပိန်သွယ်သွယ်၊ ဆံပင်က အနက်ရောင်။

သူက ပြုံးပြီး ကျွန်တော့်ရှေ့က သဲပြင်ပေါ်မှာ ထိုင်ချလိုက်တယ်။

"ကိုရင်က ပွန်ထင်တယ်၊ ကျွန်တော်က တင်မ်ဝီဒွန်ပါ၊ ဆာဗာနာ အိတ်ကို ပြန်ဆယ်ပေးတဲ့အကြောင်း ကျွန်တော် ကြားပြီးပါပြီ။ သူက သိပ်ကျေးဇူးတင်နေတာ"

ပြောရင်း သူက လက်ကမ်းပေးတော့ ကျွန်တော် လက်ဆွဲနှုတ်ဆက်လိုက်တယ်။

"တွေ့ရတာ ဝမ်းသာပါတယ် တင်မ်"

ကျွန်တော်က ဝတ်ကျေတမ်းကျေ ပြောလိုက်ပေမယ့် သူက လှိုက်လှဲပျူငှာတဲ့အပြုံးနဲ့ တုံ့ပြန်တယ်။ ဘရက်တို့၊ ရန်ဒီတို့ပုံစံမျိုး မဟုတ်ဘူး။ ကျွန်တော့်လက်မောင်းနှစ်ဖက်ပေါ်က တက်တူးရုပ်တွေကိုလည်း လုံးဝမကြည့်ဘူး။ အဲဒါက နည်းနည်းထူးဆန်းနေသလိုပဲ။ လူတွေကပြောတယ်။ အသက်ကြီးလာမှ နောင်တရလိမ့်မယ်တဲ့။ အဲဒီ အချိန်ရောက်မှတော့ ဘာဂရုစိုက်စရာ ရှိတော့လဲ။ ခုလည်း ကျွန်တော် ဂရုမစိုက်ပါဘူး။

သူက ထိုင်နေရာကနေ ပြောတယ်။

"ကျွန်တော် ဝင်ထိုင်မယ်နော်"

"ထိုင်ပါ၊ ထိုင်ပါ"

ကျွန်တော့်နံဘေး ခုံမှာ သူ ဝင်ထိုင်တယ်။

"ဒီပွဲကို ရောက်လာတာ ဝမ်းသာပါတယ်ဗျာ သိပ်အကောင်းစားတွေ မဟုတ်ပေမဲ့ ကျွန်တော်တို့ အလှူပယ်စီစဉ်ထားပါတယ် ဆာပြီလားဟင်"

"ဆာတာတော့ ပြောမနေနဲ့ဗျို့"

"တစ်နေကုန် လှိုင်းစီးနေတယ်လား"

"ခင်ဗျားရော စီးလား တင်မ်"

"ဟင့်အင်း မစီးပါဘူး၊ ဒါပေမဲ့ ရေထဲမှာနေရင် မိုက်ဆာတာကို မှတ်မိနေတယ်၊ ငယ်ငယ်က ကျောင်းပိတ်ရက် ပိုင်းနိုးကမ်းခြေကို သွားဖူးတယ်လေ၊ ရောက်ဖူးလား"

mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ခေါက်ရောက်ဖူးတယ်၊ ရေဆော့ဖို့နေရာတွေက ဒီမှာလည်း အများကြီးလေ"

"ဒါပေါ့၊ ဒါပေါ့"

သူက လှိုင်းစီးဘုတ်ပြားအကြောင်း မေးတယ်။ အတိုစီးသလား၊ အရှည်စီးသလားတဲ့။

"ကျွန်တော် နှစ်မျိုးစလုံး စီးပါတယ်၊ ဒီကမ်းခြေက အရှည်နဲ့ပိုလိုက်တယ်ဗျ။ ပစိဖိတ်မှာဆိုရင် အတိုက ပိုစီးကောင်းတယ်"

"ဟိုကမ်းခြေတွေမှာ စီးဖူးလား၊ ဟာဝိုင်ယီတို့၊ ဘာလီတို့၊ နယူးဇီလန်တို့ပေါ့"

သူ့ရဲ့ ဒေသန္တရဗဟုသုတကို ကျွန်တော် အံ့သြသွားတယ်။

"မရောက်ဖူးသေးဘူးဗျ၊ တစ်နေ့တော့ ရောက်အောင်သွားမယ်လို့ စိတ်ကူးထားတယ်"

မီးဖိုထဲက သစ်တုံးတစ်တုံး တဖျစ်ဖျစ်မြည်ပြီး မီးပွားတွေ ဖြာထွက်လာတယ်။ ကျွန်တော် တစ်လှည့် မေးဦးမယ်ဆိုပြီး သူ့ဘက် လှည့်လိုက်တယ်။

"ခင်ဗျားတို့ ဆင်းရဲသားတွေအတွက် အိမ်နှစ်လုံးဆောက်မလို့ဆို"

"သြော်… ဆာဗာနာ ပြောတယ် ထင်တယ်၊ ဟုတ်တယ်ဗျ၊ စီမံချက်က စက္ကူပေါ်မှာပဲ ရှိပါသေးတယ်ဗျာ၊ တကယ်ဆောက်ပေးသင့်တဲ့ မိသားစုနှစ်စုပါ၊ ဇူလိုင်လကုန်လောက်ဆို သူတို့ နေလို့ ရလောက်မှာပါ"

"သာဓုပါဗျာ၊ သာဓုပါ၊ မွန်မြတ်တဲ့ အလုပ်တစ်ခုပါ"

"ကျွန်တော် တော်လို့ မဟုတ်ပါဘူးဗျာ၊ အားလုံး ညီကြလို့ပါ၊ ကျွန်တော် တစ်ခု မေတ္တာရပ်ခံပါရစေ ဂျွန်"

"ကျွန်တော့်ကို အုပ်စုထဲပါဖို့ ပြောမလို့လား"

သူက ရယ်ပြီး–

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကိုမြင်ရင် အလှူခံတော့မယ်ထင်ပြီး ပတ်ပြေးနေကြတယ်ဗျ၊ ဒီလိုပါ၊ ဖို့ဘရက်မှာ ညီအစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်ဗျ၊ ခင်ဗျား သိများ သိမလားလို့"

"ကျွန်တော်က ဂျာမနီ ရောက်နေတာဗျ"

"ဟုတ်လား၊ ရမ်စတိန်းမှာလား"

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူးဗျ၊ ရမ်စတိန်းက လေတပ်အခြေစိုက်စခန်း၊ ဒါပေမဲ့ ကျွန်တော်တို့နဲ့ သိပ်မဝေးပါဘူး"

"ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ ဖရန့်ဖွတ်ကို ကျွန်တော် ရောက်လာသေးတယ်၊ ခရစ္စမတ်မှာ မိသားစုလိုက် သွားကြတာလေ၊ ကျွန်တော်တို့က ဂျာမနီ အနွယ်တွေ၊ အဘိုးတွေ၊ အဘွားတွေက အဲဒီမှာ ရှိနေတုန်းလေ"

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးရယ်ဗျနော်"

"ခင်ဗျား ဂျာမန်လိုတတ်လား"

"တစ်ခွန်းတောင် မပြောတတ်ဘူး"

"ကျွန်တော်လည်း မတတ်ပါဘူး၊ စိတ်မကောင်းစရာပဲ၊ အဖေနဲ့ အမေက ကောင်းကောင်းပြောနိုင်တယ်၊ ကျွန်တော့်မှာ ညီတစ်ယောက်ရှိတယ်၊ သူလည်း မတတ်ဘူး၊ ဒီတော့ ညီအစ်ကိုနှစ်ယောက် အအတွေလို ဖြစ်နေတာပေါ့"

ကျွန်တော် ရယ်လိုက်မိတယ်။ သူ့ကြည့်ရတာ ရိုးသားပွင့်လင်းမှု အပြည့်ရှိနေပုံပဲ။ ကျွန်တော် ချက်ချင်း သဘောကျသွားတယ်။

"ဟေး… ဘာစားမလဲ၊ သွားယူပေးမယ်လေ"

"ဆာဗာနာ သွားယူနေတယ်ဗျ"

"ဩော်… ဟုတ်သားပဲ၊ သူကတော့ ဧည့်ဝတ်ကျေတဲ့ နေရာမှာ ဘယ်သူမှ လိုက်မမီဘူးဗျ"

"ခင်ဗျားတို့ ငယ်သူချင်းတွေဆို"

သူ ခေါင်းညိတ်တယ်။

"ကျွန်တော်တို့က မွေးမြူရေးခြံ လုပ်ငန်းရှင်တွေပါ၊ သူတို့ခြံနဲ့ ကျွန်တော်တို့ခြံက ကပ်လို့လေ၊ ပြီးတော့ တစ်ကျောင်းတည်း ထွက်တွေလေ၊ တက္ကသိုလ်တက်တော့လည်း တစ်ကျောင်းတည်းပဲ၊ သူက ကျွန်တော့်ညီမလေး လို ဖြစ်နေပါပြီ၊ တကယ်တော်တဲ့ ညီမလေးပါ"

သူ့ချီးမွမ်းခန်းဖွင့်တာ များသွားသလိုပဲ။ ဒါပေမဲ့ သူ့လေသံက ရိုးသားမှု အပြည့်နဲ့ပါ။ ကျွန်တော့်ကို ဆာဗာနာဖိတ်တဲ့အတွက်လည်း ဟိုတစ်ယောက် လို မနာလိုတိုရှည်ဖြစ်ပုံ မရပါဘူး။ ကျွန်တော် လျှောက်တွေးနေတုန်း ဆာဗာနာ ပြန်ရောက်လာတယ်။

သူ့လက်ထဲမှာ ပန်းကန်နှစ်ချပ် ကိုင်လို့။ ကြက်ကင်နဲ့အတူ အာလူး

mgyoe.com

mgyoe.com SAMPLE BOOK

ကြော်တွေရော၊ အစွက်သုပ်တွေရောပဲ။ ပြီးတော့ အချိုရည်နှစ်ဘူး။ တင်မ်က ဆီးပြောတယ်။

"ငါ သူ့ကို ကျေးဇူးတင်တဲ့အကြောင်းပြောရင်း ပျင်းစရာကောင်းတဲ့ မိသားစုအကြောင်းတွေနဲ့ သူ့ကို နှိပ်စက်နေတာဟ"

"ကောင်းတာပေါ့၊ နှစ်ယောက် ပေးတွေ့ချင်နေတာ"

ပြောပြီး လက်ထဲက ပန်းကန်တွေ ကမ်းပေးတယ်။ သူကလည်း တင်မ်လိုပဲ ကျွန်တော် ရှပ်အင်္ကျီချွတ်ထားလို့ တက်တူးတွေ ပေါ်နေတာကို လုံးဝ မသိကျိုးကျွန်ပြုထားတယ်။ တစ်ဆက်တည်း သူက တင်မ်ကို လှမ်းပြော တယ်။

"တင်မ်၊ ဒီပန်းကန်ယူလိုက်လေ၊ နောက်တစ်ပန်းကန် သွားယူလိုက် မယ်"

"နေပါစေဟာ၊ ငါ့ဘာသာ သွားယူပါ့မယ်၊ နင်တို့နှစ်ယောက် စားကြတော့"

သူက ဘောင်းဘီတိုကလေးနဲ့ ဖြတ်လျှောက်သွားပြီးမှ လှည့်ပြော တယ်။

"ဟေး… တွေ့ရတာ ဝမ်းသာတယ်နော် ဂျွန်၊ အချိန်မရွေးလာလည် သိလား"

"ကျေးဇူးပဲ တင်မ်၊ ကျွန်တော်လည်း ဝမ်းသာပါတယ်"

တွေ့သမျှလူကို နှုတ်ဆက်ပြီး တင်မ် ထွက်သွားတယ်။

ကျွန်တော်နဲ့ ဆာဗာနာက ပန်းကန်တွေ ပေါင်ပေါ်တင်ပြီး စားကြ တယ်။ ဘူးတွေ တစ်ဖက်က ကိုင်လို့ပေါ့။

ဆာဗာနာက တစ်ခုခုကို သတိရလိုက်သလိုနဲ့ စကားစတယ်။

"နေပါဦး၊ စောစောက ဘီယာသောက်နေတယ် မဟုတ်လား၊ ဘီယာတွေ အများကြီး ရှိတယ်၊ ယူပေးရမလား"

"ရပါတယ်၊ ဒါလည်း ကောင်းပါတယ်"

"သေချာရဲ့လား၊ ဘီယာပုလင်းတွေ အများကြီး ရေခဲစိမ်ထားတယ်၊ စစ်သားတွေ ဘီယာ အရမ်းသောက်တယ်ဆို"

ကျွန်တော်က အချိုရည်ဘူးကို ဖောက်ပြီး ပြန်ပြောလိုက်တယ်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းက မသောက်ဘူး မဟုတ်လား"

mgyoe.com

mgyoe.com
SAMPLE BOOK

"အင်းလေ၊ ကျွန်မက မသောက်တတ်ဘူး"

သူက အရိုးခံအတိုင်း ပြန်ပြောတယ်။ သောက်တဲ့လူတွေကိုလည်း အပြစ်တင်သံ မပါဘူး။ သူ့ကိုယ်သူ ဂုဏ်တင်တဲ့လေသံလည်း မပါဘူး။ ကျွန်တော်က ဒါမျိုးဆို သိပ်သဘောကျတယ်။

ကြက်ကင်ကို သူ စဝါးတယ်။ ဒီတော့မှ ကျွန်တော်လည်း ကိုက်တယ်။ နှစ်ယောက်သား စကားမပြောဘဲ ဆက်စားကြတယ်။ သူနဲ့ တင်မ်အကြောင်း ကျွန်တော် တွေးနေတယ်။ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက ဘယ်လိုပါလိမ့်။ တင်မ်အဆိုအရတော့ သူ့ကို ချာတိတ်ကလေးလို သဘောထားနေပုံပဲ။

သူက ခက်ရင်းကိုချပြီး မေးတယ်။

"တပ်ထဲမှာ ဘာလုပ်ရလဲ"

"ကိုယ်က ကြည်းတပ်မှာ တပ်ကြပ်လေ၊ လက်နက်တိုက်မှာ တာဝန်ကျတယ်"

"ဘာတွေလုပ်ရလဲ၊ ဟိုလေ နေ့တိုင်း ဘယ်လိုတာဝန်တွေကျလဲ၊ သေနတ်တွေ ပစ်ရလား၊ လက်ပစ်ဗုံးတွေ ခွဲရလား အဲဒါမျိုးတွေ ပြောတာ"

"တစ်ခါတလေပဲ ပစ်ရတာပါ ဒါပေမဲ့ နေ့တိုင်းကျတဲ့တာဝန်က ပျင်းစရာကြီးပါ၊ အခြေစိုက်စခန်းမှာ နေရတဲ့အချိန်တွေဆို ပိုပျင်းစရာကောင်းတယ်၊ မနက် ခြောက်နာရီမှာ တန်းစီရတယ်၊ လူစစ်တယ်၊ ပြီးတော့ ကိုယ့်တပ်ခွဲနဲ့ကိုယ် လေ့ကျင့်ခန်း လုပ်ရတယ်၊ အလေးမ၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော အစုံပေါ့၊ သင်တန်းတက်ရတဲ့နေ့တွေလည်း ရှိတယ်၊ တစ်နေ့လုံး တန်းစီလို့ မဆုံးဘူး။ ညတိုက်ပွဲသင်တန်းတွေပါရဲ့။ အနီးကပ်ရိုင်ဖယ်တိုက်ပွဲတွေလည်းပါရဲ့။ ဘာမှလုပ်စရာမရှိတဲ့ နေ့တွေကျတော့ စာဖတ်ပေါ့။ ဗွီဒီယိုဂိမ်းဆော့ပေါ့။ နောက်တစ်နေ့လည်း ဒီအတိုင်းပဲလေ"

"ဘာ... ဗွီဒီယိုဂိမ်း ဟုတ်လား"

"ကိုယ်ကတော့ စာဖတ်တာများတယ်။ ဒါပေမဲ့ ကျန်တဲ့ ကိုယ့်အဖွဲ့တွေကတော့ ဗွီဒီယိုဂိမ်းသရဲတွေ"

"ဘာစာအုပ်တွေ ဖတ်တာများလဲ"

ကျွန်တော်ဖတ်တဲ့စာအုပ်တွေအကြောင်း ပြောတော့ သူနားထောင်တယ်။ ပြီးတော့ မေးခွန်းထုတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှေ့တန်းထွက်ရတဲ့အကြောင်းတွေ ပြောပါဦး"

ကြက်ပေါင် တစ်ခု ဝါးပြီးတော့ ကျွန်တော် ဆက်ပြောတယ်။

"အဲဒီကဏ္ဍကတစ်မျိုး၊ ကင်းတာဝန်ရှိတယ်၊ ကင်းတာဝန်ကလည်း မသေးဘူး၊ ပတ္တရောင်လှည့်ရတဲ့အခါမျိုးမှာ တော်တော်မလွယ်တာ၊ ယားလို့ တောင်မှ မကုတ်နိုင်ဘူး၊ ခြေလျင်တပ်ဆိုတာ နှစ်ဆယ့်လေးနာရီ တာဝန်ပဲ"

"မကြောက်ဘူးလားဟင်"

သူ မေးတာကို ဖြေဖို့ ကျွန်တော် စကားလုံး ရွေးရတယ်။

"ကြောက်တဲ့အခါတွေလည်း ရှိတာပေါ့၊ ဒါပေမဲ့ ကြောက်နေလို့လည်း ပြီးတာမှ မဟုတ်တာ၊ ကိုယ့်ဘေးမှာ အတုံးအရုံးဖြစ်နေရင် မသေအောင်တော့ စဉ်းစားရတာပေါ့၊ အဲဒီလို အခါမှာ အဖြစ်အပျက်တွေက သိပ်မြန်တယ်၊ ကိုယ့်အသက်ရှင်ကျန်ရေးက အဓိကဖြစ်လာတယ်၊ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး အော့အန်တဲ့အဖြစ်မျိုးနဲ့လည်း ကြုံရတတ်တယ်"

"ကျွန်မသာဆို အဲဒီလို ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး".

သူ့စကားကို ကျွန်တော် တစ်ခုခုပြန်ပြောလိမ့်မယ်လို့ သူ မျှော်လင့်၊ မမျှော်လင့် ကျွန်တော် မသိဘူး။ ဒါနဲ့ ကျွန်တော် စကားလမ်းကြောင်း ပြောင်းပစ်လိုက်တယ်။

"ဘာပြုလို့ စိတ်ပညာကို အဓိကယူတာလဲ"

"အဲဒါပြောရင် အရှည်ကြီးပြောရမှာ၊ နားထောင်ချင်လို့လား"

ကျွန်တော် ခေါင်းညိတ်တော့ သူ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်တယ်။

"လိနိုဝါမှာ အလန်ဆိုတဲ့ ချာတိတ်တစ်ယောက် ရှိတယ်၊ သူ့ကို ငယ်ငယ်လေးကတည်းက သိခဲ့တာ၊ မွေးကတည်းက သူ သိပ်စိတ်မမှန်ဘူး၊ သူ့ကို ဘယ်လို လုပ်ရမှန်း ဘယ်သူမှ မသိဘူး၊ သူ့ကိုကြည့်ပြီး လုံးဝ စိတ်မကောင်းဘူး။ ငယ်ငယ်လေးကတည်းက ဖြစ်တာနော်။ အဖေနဲ့အမေကို မေးကြည့်တယ်၊ ဘာလုပ်ပေးရမလဲပေါ့၊ ဘုရားသခင့် အလိုတော်ပေါ့ သမီးရယ်တဲ့။ ပထမတော့ သိပ်ဘဝင်မကျဘူး၊ အလန်မှာ သူ့ကို သိပ်အလိုလိုက်တဲ့ အစ်ကိုတစ်ယောက်ရှိတယ်၊ အမြဲတမ်းပြုစုတဲ့ အစ်ကို၊ ဘယ်တော့မှ မငြီးငွေ့ ဘူး၊ ဒါပေမဲ့ အလန်တစ်ယောက် လုံးဝ တိုးတက်မလာဘူး၊ ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူး၊ အဲဒီမှာ ကျွန်မ ဆုံးဖြတ်လိုက်တာ၊ အလန်လို

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတွေကို ကူညီမယ်လို့"

"အဲဒီလို ဆုံးဖြတ်တဲ့အချိန်မှာ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်နှစ်နှစ်"

"သူတို့အတွက် ကျောင်းဖွင့်မယ်၊ စာသင်ပေးမယ်ပေါ့"

"ဟင့်အင်း၊ အဲဒီလို မဟုတ်ဘူး၊ အလန့်အစ်ကိုလုပ်သလို လုပ်ပေးမှာ၊ သူ့အစ်ကိုက မြင်းတွေမွေးပြီး သူ့ညီကို ကုပေးတယ်"

သူ ခဏစဉ်းစားပြီးမှ စကားဆက်တယ်။

"စိတ်အနေမမှန်တဲ့ ကလေးတွေဟာ သူတို့ရဲ့ကမ္ဘာကျဉ်းကျဉ်းကလေးထဲမှာ လှောင်ပိတ်ခံနေရတာနဲ့ တူတယ်၊ ကျောင်းတွေ၊ ဆေးရုံတွေကလည်း ကုသပေးပါရဲ့၊ သင်ကြားပေးပါရဲ့၊ ဒါပေမဲ့ အဲဒီ ကမ္ဘာလေးထဲမှာ လှောင်ပိတ်ပြီး ကုသပေးတာ၊ သင်ကြားပေးတာ၊ သူတို့အတွက် တံခါးပေါက်အသစ်ဖွင့်ပေးနိုင်တယ်ဆိုတာ ကျွန်မက ပြချင်တယ်၊ အဲဒီလို ဖြစ်နိုင်တယ်ဆိုတာ ကျွန်မက မြင်ဖူးတာကိုး။

အလန်က ပထမတော့ မြင်းတွေကို ကြောက်နေတယ်၊ ဒါပေမဲ့ သူ့အစ်ကိုက စိတ်ရှည်တယ်၊ တဖြည်းဖြည်းနဲ့ အလန် မြင်းတွေနဲ့ ရင်းနှီးလာတယ်၊ နှာခေါင်းကို ပွတ်ကြည့်ရဲလာတယ်၊ နောက် အစာကျွေးရဲလာတယ်၊ နောက်ဆုံးမှာ စီးရဲလာတယ်၊ ပထမဆုံး စစီးတဲ့နေ့က သူ့မျက်နှာကလေးကို ကောင်းကောင်းမှတ်မိနေတယ်၊ သိပ်ကျက်သရေရှိတာပဲ သိလား၊ ပြုံးနေတဲ့အပြုံးက ရိုးရိုးအပြုံးမျိုး မဟုတ်ဘူး၊ ကလေးတစ်ယောက် ပျော်လွန်းလို့၊ ကျေနပ်လွန်းလို့ ပြုံးတဲ့အပြုံးမျိုး၊ အဲဒီမှာ ကျွန်မဘဝ ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်လိုက်တာ။ သူတို့လို ကျပ်မပြည့်တဲ့ ကလေးတွေအတွက် မြင်းစီးသင်တန်းကျောင်း ဖွင့်ပေးဖြစ်မလား မသိဘူး၊ တစ်ခုခုပေါ့၊ အလန့်ဘဝကို ပြောင်းလဲသွားစေတဲ့ ပျော်ရွှင်မှုတွေ ရှာပေးမယ်လေ"

"အင်း... အံ့သြစရာပဲ"

သူက ကိုယ်ကို မတ်မတ်ဆန့်ထိုင်လိုက်ပြီး-

"အောင်မြင်မယ် ထင်တာပဲ၊ ခုနေတော့ ကျွန်မအတွက် အိပ်မက်တစ်ခုပေါ့လေ"

"မင်းကိုယ်တိုင်လည်း မြင်းတွေကို ချစ်တယ် မဟုတ်လား"

"မိန်းကလေးတိုင်း မြင်းချစ်ကြတာပဲ၊ ကျွန်မမှာ အာရပ်မြင်းကြီး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ကောင်ရှိတယ်၊ နာမည်က 'မိဒ'တဲ့။ မလွဲသာလို့ ဒီကို လိုက်လာတာ၊ မဟုတ်ရင် ဒီအချိန် မိဒကျောပေါ် ရောက်နေပြီ"

"အင်း... ယုံပါတယ်ဗျာ"

"အိမ်ပြန်ရောက်ရင် နေ့ရော၊ ညရော အတိုးချစီးမှာ၊ ရှင်ရော မြင်းမစီးဘူးလား"

"တစ်ခါပဲ စီးဖူးပါတယ်ဗျာ"

"သဘောကျလား"

"နောက်တစ်နေ့ လမ်းမလျှောက်နိုင်တော့ဘူး"

သူ တခစ်ခစ်နဲ့ ရယ်နေတယ်။ သူနဲ့ စကားပြောရတာ ကျွန်တော် ပျော်နေတယ်။ ရိုးရိုးလေးနဲ့ ပျော်စရာကောင်းတာ။ သူများတွေနဲ့ မတူတာ အမှန်ပဲ။ လိပ်ကြယ်စု အလင်းတန်းဟာ ဟိုးမိုးကုပ်စက်ဝိုင်းအောက်ခြေကနေ ရေပေါ်ကို တက်လာနေပြီ။ သောကြာကြယ်လည်း သူ့အပေါ်မှာ လင်းလက်နေပြီ။ ကောင်လေးတွေ၊ ကောင်မလေးတွေကတော့ အိမ်ထဲကို ဝင်ချည် ထွက်ချည်နဲ့ ခြေသွက်နေကြပြီ။ ဘီယာအရှိန်နဲ့ မျက်နှာတွေ နီနေပြီ။ ကျွန်တော် သက်ပြင်း ချလိုက်မိတယ်။

"ကိုယ် ပြန်မှ ထင်တယ်၊ အဖေနဲ့လည်း တွေ့ရဦးမယ်၊ သူ မအိပ်ခင် ပြန်ရောက်ချင်တယ်"

"ဖုန်းဆက်ကြည့်မလား၊ ဖုန်းရှိတယ်လေ"

"ကိစ္စမရှိပါဘူး၊ လမ်းလျှောက်ပြန်မယ်"

"ကားမပါဘူးလား"

"ဟင့်အင်း၊ မပါဘူး"

"တင်မ်ကို လိုက်ပို့ခိုင်းရမလား၊ သူ မောင်းပို့မှာပါ"

"ကိစ္စမရှိပါဘူး၊ နေပါစေ"

"ရပါတယ်၊ နည်းနည်းလှမ်းတယ်ဆို၊ တင်မ်ကို သွားခေါ်လိုက်မယ်"

ကျွန်တော် မတားနိုင်ခင် သူ ထပြေးသွားတယ်။ ခဏနေတော့ သူတို့နှစ်ယောက် အိမ်ထဲက ပြန်ထွက်လာတယ်။ ညိုချောမျက်နှာမှာ ကျေနပ် နှစ်သိမ့်မှု အပြည့်။

"တင်မ်က လိုက်ပို့ပေးပါ့မယ်တဲ့"

mgyoe.com

ကျွန်တော်က တင်မိဘက်လှည့်ပြီး-

"ဒုက္ခရှာလို့ဗျာ"

"အိုး... ပြဿနာမရှိပါဘူး၊ ကျွန်တော့်ကားက အပြင်မှာ အသင့်ပါပဲ၊ ခင်ဗျားရဲ့ ဘုတ်ပြားကို နောက်ခန်းထဲ ထည့်လိုက်၊ ဝိုင်းသယ်ရဦးမလား"

"ရပါတယ်ဗျာ၊ ကျေးဇူးပါပဲ"

ကုလားထိုင်ပေါ်က ရုပ်အင်္ကျီကို ကျွန်တော် ကောက်စွပ်လိုက်တယ်။ ပြီးတော့ ဘုတ်ပြားကို ကောက်ကိုင်ပြီး-

"ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ် ကိုရင်ရယ်"

ပြောပြီး သူက အိတ်ကပ်ကို လက်နဲ့ ပုတ်ကြည့်တယ်။

"ခဏလေးနော်၊ ကျွန်တော် သော့ပြေးယူလိုက်ဦးမယ်၊ ဟိုမြက်ခင်းထဲက ကားအစိမ်းနော်၊ ကျွန်တော် ခုချက်ချင်း ပြန်ထွက်လာခဲ့မယ်"

သူပြေးထွက်သွားတော့ ဆာဗာနာကို ကျွန်တော် ပြန်ကြည့်လိုက်တယ်။

"မင်းနဲ့ တွေ့ရတာ ဝမ်းသာပါတယ် ဆာဗာနာ"

သူက ကျွန်တော့်ကို ပြန်စိုက်ကြည့်နေတယ်။ ပြီးမှ -

"အတူတူပါပဲ၊ ဆာဗာနာကလည်း ဝမ်းသာပါတယ်! စစ်သားတစ်ယောက်ကို ပထမဆုံး တွေ့ဖူးတာလေ၊ စိတ်ထဲမှာ လုံခြုံမှု ပိုရှိသွားသလိုပဲ၊ ဒီည ရန်ဒီ လာဒုက္ခမပေးတော့ဘူး၊ သေချာတယ်၊ ဂျွန်ရဲ့လက်မောင်းက တက်တူးတွေကို သူ လန့်သွားပုံရတယ်"

ဒီတော့မှ ကျွန်တော့်လက်မောင်းက တက်တူးတွေကို သူ သတိထားမိသားပဲဆိုတာ သိရတော့တယ်။

"နောက် တွေ့ဦးမယ်နော်"

"ဒီမှာပဲ ရှိနေမယ်လေ"

သူ့ဆီလာလည်ဖို့ ဖိတ်တာ ဟုတ်၊ မဟုတ် ကျွန်တော် မသေမချာဖြစ်နေတယ်။ ခြုံပြောရရင် သူ့ကို ကျွန်တော် သိပ်နားမလည်ဘူး။ ကြင်နာခြင်း တစ်ဝက်၊ ရှုပ်ထွေးခြင်း တစ်ဝက် ဖြစ်နေသလိုပဲ။

သူက ခဏလေး တွေစဉ်းစားပြီး ဆက်ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ပြောပြီး မေ့သွားတာတော့ စိတ်မကောင်းဘူး"

"ဘာကို မေ့တာလဲ"

"ရေလွှာလျှောစီး သင်ပေးမယ်ဆို"

◆

နောက်တစ်နေ့ ဆာဗာနာဆီ သွားလည်ဖို့ သင့်၊ မသင့် တင်မ်ကို ကျွန်တော် အကဲခတ်လိုက်တယ်။ သူ့ကို ဘယ်လို မြင်ရမှန်းမသိ ဖြစ်နေတယ်။ သူက ကားကိုပဲ ဂရုစိုက် မောင်းနေတယ်။ ဖြတ်မောင်းချိန်ရရက်သားနဲ့ မီးဝါပြီ ဆိုတာနဲ့ ထိုးရပ်လိုက်တယ်။ နောက်ဆုံးမှ စကားစတယ်။

"ပျော်ရဲ့လား ဂျွန်၊ အသိများများ မရှိတော့ နည်းနည်းတော့ ကြောင်မှာပေါ့နော်"

"ပျော်ပါတယ်ဗျာ ပျော်ပါတယ်"

"ဆာဗာနာနဲ့ စကားလက်ဆုံကျနေတယ် ထင်တယ်၊ သူက ထူးကို ထူးခြားတဲ့ မိန်းကလေးဗျ"

"ဟုတ်ကဲ့၊ စကားပြောလို့ ကောင်းပါတယ်"

"ဝမ်းသာပါတယ်ဗျာ၊ လာတုန်းက အဆင်မှ ချောပါ့မလားလို့ ကျွန်တော့်မှာ စိတ်ပူလိုက်ရတာ၊ မနှစ်တုန်းက သူ့အဖေနဲ့အမေ ပါတယ်၊ သူတစ်ယောက်တည်းက ဒါ ပထမဆုံး အခေါက်ပဲ။ သူက လိမ္မာပါတယ်၊ ဒါပေမဲ့ လူတော်တော်များများနဲ့ မဆက်ဆံဖူးဘူး၊ ကျွန်တော်က ဟိုကောင်လေး တွေနဲ့ ဒီည သိပ်မရောစေချင်ဘူး"

"သူ့ကိုယ်သူ ထိန်းနိုင်မှာပါဗျာ"

"အင်း... ကျွန်တော်လည်း အဲဒီအတိုင်း ယုံပါတယ်လေ၊ ဒါပေမဲ့ ကောင်လေးတချို့က ဆိုးတယ်ဗျ"

"အင်း... အများထဲမှာ ရောယောင်ပြီး ပါတော့ပါမှာပေါ့ဗျာ"

သူက ရယ်ပြီး-

"အင်း... ဟုတ်ပါတယ်၊ ဘယ်ဘက် ချိုးရမှာလဲ"

အချိုးတွေ အကွေ့တွေကို ကျွန်တော် လမ်းညွှန်ပေးရတယ်။ အိမ်နား ရောက်တော့ သူ့ကို အရှိန်လျှော့ခိုင်းလိုက်တယ်။ အဖွေ့အခန်းထဲက မီးလင်း နေတာ လှမ်းမြင်ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တံခါးဖွင့်ရင်း ကျွန်တော် ပြောလိုက်တယ်။

"လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

သူက ကိုယ်ကို ရှေ့ကိုင်းပြီး-

"ရပါတယ်ဗျာ၊ ကျွန်တော် စောစောကပြောသလိုပဲနော်၊ ဟိုဘက်ရောက်ရင် အချိန်မရွေး ဝင်ခဲ့ပါဗျာနော်၊ ကျွန်တော်တို့ တစ်နေ့လုံး အလုပ်လုပ်ပေမယ့် ညနေပိုင်းတွေနဲ့ စနေ၊ တနင်္ဂနွေတွေမှာ အားပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်"

◆

အိမ်ထဲရောက်တော့ အဖေ့အခန်းဘက် လျှောက်လာခဲ့တယ်။ တံခါးတွန်းဖွင့်ပြီး အထဲကို ချောင်းကြည့်လိုက်တော့ သူ ဖတ်နေကျ ရှေးဟောင်း ဂရေးရှိ အကြွေအနုပ် စာစောင်ကို ဖတ်နေရာက လန့်သွားပုံရတယ်။

ကျွန်တော်က လှေကားထစ်တစ်ခုမှာ ဝင်ထိုင်ရင်း တောင်းပန်လိုက်တယ်။

"ဆောရီးနော် အဖေ၊ တံခါးမခေါက်ဘဲ ဝင်လာမိလို့"

လက်ထဲက အကြွေအနုပ်စာစောင်ကို ဆက်ကိုင်ထားရမလို၊ လက်က ချရမလို ချီတုံချတုံ ဖြစ်နေရာကနေပြီး နောက်မှ ချလိုက်တယ်။

"ရပါတယ်ကွာ"

ဒါပဲ ပြောတယ်။ ဒီတော့ ကျွန်တော်က ဆက်ပြောရတာပေါ့။

"ဒီနေ့ လှိုင်းစီးလို့ သိပ်ကောင်းတယ် အဖေ၊ အဲဒီလောက် ပျော်ဖို့ကောင်းမှန်း ကျွန်တော် မေ့လုခမန်း ဖြစ်နေပြီ"

သူက ပြုံးရုံ ပြုံးနေပြီး ဘာမှ ပြန်မပြောဘူး။ လှေကားထစ်ပေါ်မှာ နေရာရွှေ့ထိုင်ပြီး ကျွန်တော် မေးလိုက်တယ်။

"အဖေ့အလုပ်အခြေအနေ ဘယ်လိုနေလဲ"

"ဒီလိုပါပဲကွာ"

ဒါပဲပြောပြီး သူ့ဘာသာသူ ဆက်တွေးနေတယ်။ ကျွန်တော် စဉ်းစားကြည့်တယ်။ ဆက်ပြောရင်လည်း ဒင်္ဂါးတွေအကြောင်း၊ အကြွေစေ့တွေအကြောင်းပဲ ပြောဖြစ်မှာပါလို့။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၃)

"လှိုင်းစီးတာ၊ ရေလွှာလျှောစီးတာဟာ တစ်ယောက်တည်းကစားလို့ရတဲ့ ကစားနည်းတစ်မျိုးပဲ။ ခရီးဝေးကို ပျင်းတိပျင်းတွဲ သွားနေရာက ရင်ထဲ အေးခနဲ အေးခနဲ ဖြစ်သွားအောင် စိတ်လှုပ်ရှားစရာကောင်းတဲ့ ကစားနည်းမျိုးပဲ။ ရေလွှာလျှောစီးမဂ္ဂဇင်းက အဲဒီအတိုင်း ကြော်ငြာတာလေ။ သူတို့ ကြော်ငြာတာ သိပ်မဆိုးပါဘူး။

လှိုင်းလုံးကြီးတွေကို အမိဖမ်းပြီး သူတို့နဲ့အတူ ကမ်းခြေဆီ ပြန်ပြေးလိုက်လာရတာလောက် ရင်ခုန်စရာကောင်းတာ ဘယ်ရှိမလဲ။ ဒါပေမဲ့ မြို့က ရောက်လာတဲ့ မြို့ကြီးသားတွေလို တစ်နေကုန် တစ်နေခန်း အသားတွေပြာတဲ့ အထိတော့ ကျွန်တော်မဆော့ဘူး။ ကိုယ့်အတွေးကို ကိုယ်ပြန်ကြားရရုံလောက်ပဲ စီးချင်တယ်"

တနင်္ဂနွေနေ့ မနက်စောစောမှာ သူနဲ့ကျွန်တော် ကမ်းခြေဘက် မဆင်းခင် ဆာဗာနာကို ကျွန်တော် ပြောပြနေတာပါ။ အမှန်က ကျွန်တော် အာရုံပြောင်းဖို့ကြိုးစားပြီး လျှောက်ပြောနေတာ။ မဟုတ်ရင် ရေကူးဝတ်စုံလေးနဲ့ သူ့ကို သဘောကျနေတဲ့အကြောင်း သူ ရိပ်မိသွားမှာ စိုးလို့ပါ။

"မြင်းစီးသလိုပေါ့၊ ဟုတ်လား"

"ဘယ်လို"

"ကိုယ့်အတွေးကိုယ် ပြန်ကြားတယ် ဟုတ်လား။ အင်း... သဘောကျတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

စောစောကလေးက ကျွန်တော့်စိတ်တွေ တိမ်းတိမ်းပွေပွေ ဖြစ်သွားတယ်။ ဒါပေမဲ့ ခဏပါ။ ချက်ချင်း ပြန်ထိန်းလိုက်နိုင်ပါတယ်။ စီးလို့အကောင်းဆုံးလှိုင်းတွေဟာ မနက်စောစောမှာ လာတတ်ပါတယ်။ ကောင်းကင်တစ်ခွင် ပြာလဲ့ကြည်လင်နေချိန်မျိုးမှာပေါ့။ နေမပူခင် အချိန်ပေါ့။ ဒီအချိန်ဟာ လူလည်း အရှင်းဆုံးလေ။

ဆာဗာနာက မျက်နှာသုတ်ပဝါကြီးခြုံပြီး ညက မီးဖိုကြီးရှေ့ လှေကားထစ်မှာ ထိုင်နေတယ်။ ဘေးဘီကို ကျွန်တော် ဝေ့ကြည့်လိုက်တယ်။ အမှိုက်သရိုက်တွေ၊ ဘီယာဘူးခွံတွေ ရှင်းထားတယ်။ အင်း… သူတို့အဖွဲ့ ထင်သလောက် မဆိုးပါဘူးလို့ ကျွန်တော် အမှတ်ပေးလိုက်တယ်။

အချိန်က စောသေးပေမယ့် လေက နွေးစပြုလာပြီ။ ရေစပ်မှာ သဲပြင်ပေါ်ထိုင်ပြီး ကျွန်တော်တို့ ခဏစကားပြောကြတယ်။ လှိုင်းစီးဘုတ်ပြားကို လှိုင်းအတက်မှာ အလိုက်သင့် တင်ပုံတင်နည်း သူ့ကို ကျွန်တော် ရှင်းပြနေတယ်။ သူ အဆင်သင့် ဖြစ်တာနဲ့ ဘုတ်ပြားကို ဆွဲယူပြီး သူ့အနားလျှောက်သွားတယ်။

လှိုင်းစီးမယ့်လူ နည်းနည်းပဲရှိတယ်။ ပထမနေ့က မြင်ဖူးတဲ့ မျက်နှာတွေ၊ ဆာဗာနာအတွက် ကျွန်တော် နေရာရှာတယ်။ မျက်ခြည်ပြတ်သွားလို့ မဖြစ်ဘူးလေ။ ရေနက်ပိုင်းကို ကျွန်တော် လျှောက်သွားတုန်း သူက နောက်ဘက်က လှမ်းအော်တယ်။

"နေဦး… နေဦး၊ ခဏနေပါဦး"

ကျွန်တော် လှည့်ကြည့်လိုက်တယ်။ သူက ရေစပ်မှာ ခြေဖျားထောက်ပြီး လျှောက်လာနေတုန်း လှိုင်းတစ်လုံးက သူ့ဆီ ပြေးသွားပြီး ဝမ်းဗိုက်တည့်တည့်ကို ရိုက်လိုက်တယ်။ သူ လဲကျသွားတယ်။ ချက်ချင်းကုန်းထတယ်။ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွားတယ်။ ပြီးမှ လက်ပိုက်လိုက်တယ်။

"ဟာ…သေတော့မှာပဲ၊ အေးလိုက်တာ၊ ဒီအတိုင်း ကျင့်သားရအောင် ခဏနေလိုက်မှ ထင်တယ်"

'ဟာ… သေတော့မှာပဲတဲ့'

ကျွန်တော့်တို့ဘက်မှာ မသုံးတဲ့ စကားလုံး။ ကျွန်တော်က သူ့ကို အားပေးစကား လှမ်းပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ခဏနေ ကျင့်သားရသွားမှာပါကွာ"

"ကျွန်မက အအေးကြောက်တယ်"

"ဟင်… မင်းက တောင်ပေါ်သူလေ၊ နှင်းတောထဲမှာ နေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အနွေးထည် အထပ်ထပ်နဲ့၊ လက်အိတ်နဲ့၊ ခေါင်းစွပ်နဲ့ နေတာလေ၊ စောစောစီးစီး ရေထဲဆင်းတာမှ မဟုတ်ဘဲ"

"အင်း… ဟာသပဲဟေ့" ကျွန်တော်ပြောတော့-

"ဟုတ်တယ်၊ သေလောက်တယ်" လို့ ပြန်ပြောရင်း ခုန်ဆွ ခုန်ဆွ လုပ်နေတယ်။ ပါးစပ်ကလည်း တဟင်းဟင်းနဲ့ အော်နေတယ်။ ကျွန်တော်က သူ့အသံကိုတုပြီး "ဟင်းဟင်း ဟင်းဟင်း"နဲ့ လိုက်အော်တယ်။ သူ့အသက်ရှူ တဖြည်းဖြည်း မှန်လာတယ်။ ဒါပေမဲ့ ကြက်သီးတွေတော့ မပျောက်သေးဘူး။ သူ ဖြည်းဖြည်းချင်း ရှေ့တိုးလာတယ်။

"အဲဒီလို ရှေ့တိုးနောက်ငင် လုပ်နေမယ့်အစား တစ်နေရာတည်းမှာ ခုန်နေ၊ မြန်မြန်နွေးလာလိမ့်မယ်"

သူက ကျွန်တော် ပြောတာကို နားမထောင်ဘူး။

"အို … ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်မယ်၊ ရှင် ခုထက်ထိ ပြန်တက်မလာတာ အံ့ဩမဆုံးဘူး၊ ကျွန်မက နေ့လယ်လောက်မှ ဆင်းချင်တာ"

"ခုလည်း ရှစ်ဆယ်ဒီဂရီလောက် ရှိပါပြီကွ"

"အင်းပါ၊ ဟုတ်ပါပြီ"

နောက်ဆုံးမှာ သူ့အနေအထားကိုပြင်ပြီး ပြန်ပြောတယ်။ ပိုက်ထားတဲ့ လက်ကို ဖြုတ်ချလိုက်ပြီး ထွက်သက်၊ ဝင်သက်ကို အမြန်ရှူထုတ်တယ်၊ အမြန် ရှူသွင်းတယ်၊ ပြီးတော့ အားတင်းပြီး ဖြည်းဖြည်းချင်း ဆင်းတယ်။ လက်တစ်ဖက်နဲ့ ရေနည်းနည်းယူပြီး သူ့လက်မောင်းနှစ်ဖက်ကို ဆွတ်တယ်။

"အိုကေ ရပြီ၊ ဆင်းခဲ့တော့မယ်"

"ဟေ့… အရမ်းမလောနဲ့၊ ကိုယ့်ဆီ အတင်းပြေးမလာနဲ့"

"အင်းပါ၊ အိုကေ ကျေးဇူး"

ကျွန်တော် စတာကို သူ မသိဘူး။ တစ်လှမ်းချင်း တရွေ့ရွေ့ ဆင်းလာတယ်။ သူ့မျက်နှာက လေးနက်နေသလိုလို၊ တင်းမာနေသလိုလိုနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်စရာ ဖြစ်နေတယ်။ စက္ကန့်ပိုင်းအတွင်း ပြောင်းလဲနေပုံက ကြည့်လို့လည်း ကောင်းတယ်၊ ချစ်ဖို့လည်း ကောင်းတယ်။ ကျွန်တော် ရယ်ချင်ပက်ကျိ ဖြစ်လာတယ်။ သူက လှမ်းငေါက်တယ်။

"ဘာရယ်တာလဲ၊ မရယ်နဲ့"

"ဟောဗျာ၊ ရယ်လည်း မရယ်ရသေးဘဲနဲ့"

"သူ့မျက်နှာကြည့်ရင် သိတာပေါ့၊ စိတ်ထဲက ကျိတ်ရယ်နေတယ် မဟုတ်လား"

"ကောင်းပါပြီဗျာ၊ ဘာရိတ်အုပ်လိုက်ပါပြီ"

နောက်ဆုံးတော့ သူ ယက်ကန် ယက်ကန်နဲ့ ကျွန်တော့်ဆီ လျှောက်လာတယ်။ ရေက ကျွန်တော့်ပခုံးလောက်အရောက်မှာ သူက ဘုတ်ပြား ပေါ် တက်လိုက်တယ်။ ကျွန်တော် သူ့ကို အကူအညီပေးရတယ်။ ဒါပေမဲ့ သူ့ကို ကျွန်တော် မကြည့်မိဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ သိပ်မလွယ်ဘူး။ ရှေ့တည့်တည့်ကြီးမှာကိုး။ ကျွန်တော်က နောက်ဘက်က လိမ့်လာတဲ့ လှိုင်းလုံး ကိုပဲ အာရုံစိုက်ပြီး ချိန်နေတယ်။

"ခု ဘာလုပ်ရမှာလဲ"

"ပြောထားတဲ့အတိုင်း လုပ်လေ၊ ဘုတ်ပြားရှေ့ပိုင်းကို လက် နှစ်ဖက်နဲ့ မြဲမြဲကိုင်ထား။ ပြီးတော့ ခြေထောက်ကို အားပြုပြီး တအား ခုန်ထွက်သွား"

"အိုကေ… ရပြီ"

"ပထမ တစ်ခါတော့ နည်းနည်းခက်မယ်၊ ပြုတ်ကျရင် ဘာမှ မပူနဲ့၊ တစ်ဖက်ကို လှိမ့်ချလိုက်၊ ခဏနေ ပြန်တက်လို့ရတယ်"

"အိုကေ"

အဲဒီ အချိန်မှာပဲ လှိုင်းလုံးကလေးတစ်လုံး ပြေးဝင်လာတယ်။

ကျွန်တော်က အော်လိုက်တယ်။

"အသင့်ပြင်… လာပြီ"

ပြောနေရင်း လှိုင်းလုံးက ကျွန်တော်တို့ဆီ ပြေးဝင်လာတယ်။ ဆာဗာနာက ဘုတ်ပြားကို လှိုင်းနဲ့ အလိုက်သင့်မျှောပြီး လိုက်သွားဖို့ ကျွန်တော်က တွန်းပေးလိုက်တယ်။ ဒါပေမဲ့ ကမ်းဘက်ကို ဖြောင့်ဖြောင့် ပါမသွားဘဲ ကျွန်တော့်ဘက်စောင်းပြီး ပြုတ်ကျလာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟောဒီမှာ ကြည့်…"

သူ့အော်သံနဲ့အတူ ကျွန်တော် မျက်စိပြာသွားတယ်။ မျက်နှာလွှဲလို့လည်း မဖြစ်တော့ဘူး။

◆

နောက်ဆုံးကျမှ သူ ဖွင့်ပြောတယ်။

"ကျွန်မ ဂျင်မ်မှာ ကစားလာတာ နှစ်နဲ့ချီ ကြာပြီ၊ ကိုယ်ကို ကောင်းကောင်းထိန်းတတ်တယ်၊ လှိုင်းစီးတော့မယ့်ဆဲဆဲမှာ ကျွန်မ အဲဒါကို ကြိုမပြောခဲ့မိဘူး"

ရေထဲမှာ ကျွန်တော်တို့ တစ်နာရီကျော်ကျော် အချိန်ကုန်သွားတယ်။ နောက်ပိုင်းမှာ သူ အဆင်ပြေပြေ စီးနိုင်သွားတယ်။ အတွေ့အကြုံနည်းသေးလို့ ရေ့တည့်တည့်ဖြောင့်အောင် သွားဖို့ပဲလိုတယ်။ ဒါပြီးရင် ပထမတန်းစား ရေလွှာလျှောစီးသမား ဖြစ်သွားမှာ သေချာတယ်။

ပြီးတော့ ကျွန်တော်တို့ အိမ်ကြီးဆီကို ပြန်လာခဲ့ကြတယ်။ သူ အိမ်ထဲဝင်သွားတော့ ကျွန်တော် အိမ်ရှေ့က ရပ်စောင့်နေတယ်။ သူတို့တစ်တွေ တချို့ပဲ နိုးကြသေးတယ်။ မိန်းကလေးသုံးယောက်က ဝရန်တာမှာ ထွက်ရပ်ပြီး ပင်လယ်ကို ငေးကြည့်နေကြတယ်။ ဆာဗာနာ ပြန်ထွက်လာတယ်။ တီရှပ်နဲ့၊ ဘောင်းဘီတိုလေးနဲ့။ လက်ထဲမှာ ကော်ဖီနှစ်ခွက်ကိုင်လို့။ ကမ်းစပ်ဘက်ကို မျက်နှာမူထားတဲ့ လှေကားထစ်တွေမှာ နှစ်ယောက်သား ယှဉ်ထိုင်လိုက်ကြတယ်။

ကျွန်တော်က ရှင်းပြတယ်။

"မင်းကို ကိုယ် အပြစ်မပြောဘူးနော်၊ အစတစ်ချက်ပဲ ဟန်ချက်နည်းနည်းလွဲသွားတာ"

"အင်းပါ… အင်းပါဆို"

သူက အလေးအနက်မထားတဲ့ပုံမျိုးနဲ့ ပြန်ပြောတယ်။ ပြီးမှ ကျွန်တော့် ကော်ဖီခွက်ကို လက်ညှိုးထိုးပြီး မေးတယ်။

"ကော်ဖီ ဘယ့်နှယ် နေလဲဟင်"

"သိပ်ကောင်းပါတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

"ကျွန်မက ကော်ဖီစွဲနေတယ်၊ မနက်မိုးလင်းတာနဲ့ သောက်ရမှ"

"အေးပေါ့လေ၊ လူတစ်ယောက် တစ်မျိုးစီ ကြိုက်ကြတာပေါ့"

သူက ကျွန်တော့်ကို ငဲ့ကြည့်ပြီး မေးတယ်။

"သူက ဘာကြိုက်လဲ"

"ဘာရယ်လို့ စွဲစွဲမြဲမြဲ မဟုတ်ပါဘူး"

ကျွန်တော့်ဖြေပုံကို သဘောမကျသလို ကျွန်တော့်ကို မျက်စောင်းထိုးပြီး တံတောင်နဲ့ ခပ်ဖြည်းဖြည်းတွက်ပြီးတော့ မေးတယ်။

"မနေ့ညက ဘာနေ့လဲ သိလား၊ လပြည့်နေ့ည"

ကျွန်တော် သိပါတယ်။ ဒါပေမဲ့ မသိဘူး ပြောလိုက်တာက ကောင်းမယ်ထင်ပြီး-

"ဟုတ်လား"

"ကျွန်မက လပြည့်ညတွေကို သိပ်ချစ်တာ၊ ကလေးဘဝကတည်းကပဲ၊ ပြီးတော့ နိမိတ်တစ်မျိုးမျိုး ပြလိမ့်မယ်လို့ ထင်ခဲ့တယ်၊ အကောင်းဘက်ကို ဖြစ်ပါစေလို့လည်း ဆုတောင်းတယ်။ အမှားတစ်ခုခု လုပ်မိရင် ပြန်ပြင်လို့ ရပါစေပေါ့"

သူက ဘာမှ ရှေ့မဆက်ဘဲ ကော်ဖီခွက်ကို ငုံ့သောက်တယ်။ သူ့မျက်နှာပေါ်ကို အငွေ့တွေ ပုံ့တက်သွားတယ်။

ခဏနေမှ ကျွန်တော်က မေးလိုက်တယ်။

"ဒီနေ့ ဘာအစီအစဉ်ရှိလဲ"

"ဒီနေ့ အစည်းအဝေး ရှိတယ်၊ အဲဒါပြီးရင် ဘာမှ မရှိပါဘူး၊ ဩော် ... ဘုရားကျောင်းသွားရမယ်လေ။ ကျွန်မတစ်ယောက်တည်း စိတ်ကူးတာပါ၊ သူတို့တော့ မသိဘူး။ ခုမှ သတိရတယ်၊ ဘယ်နှနာရီ ရှိပြီလဲဟင်"

ကျွန်တော်က နာရီ ငုံ့ကြည့်ပြီး-

"ကိုးနာရီကျော်ပြီ"

"ဟုတ်လား၊ ဟင်... အချိန်တောင် သိပ်မရှိတော့ဘူး၊ ဝတ်ပြုချိန်က ဆယ်နာရီ"

ကျွန်တော်က ခေါင်းညိတ်လိုက်တယ်။ ပြန်ရခါနီးပြီပေါ့။

"မလိုက်ဘူးလား"

သူ့မေးသံ ကြားလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘုရားကျောင်းကို၊ ဟုတ်လား"

"အင်းပေါ့၊ ဘုရားကျောင်းကိုပေါ့၊ ဘုရားကျောင်း မတက်ဘူးလား"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ သူ့အတွက် အတော် အရေးကြီးပုံရတယ်။ အမှန်အတိုင်း ပြောလိုက်ရင် သူ စိတ်ပျက်သွားမယ်ဆိုတာ သိနေတယ်။ လိမ်လည်း မပြောချင်ဘူး။ နောက်ဆုံး ဝန်ခံလိုက်တယ်။

"ဘုရားကျောင်းမတက်ဖြစ်တာ တော်တော်ကြီးကြာပြီ၊ ငယ်ငယ်တုန်းကတော့ တက်ဖြစ်တယ်၊ ဘာပြုလို့ ပျက်သွားမှန်း သိပ်မမှတ်မိဘူး"

သူက သဲပြင်ပေါ်ကို ခြေထောက်ဆန့်လိုက်ပြီး ကျွန်တော့်စကား အဆက်ကို စောင့်နေတယ်။ ဘာမှ ဆက်မပြောတော့၊ မျက်ခုံးကလေး ချီပြီး-

"အဲဒီတော့"

"အဲဒီတော့ဆိုတာ"

"အတူတူလိုက်မှာလား၊ မလိုက်ဘူးလား"

"အဝတ်အစားမှ မပါတာ၊ အိမ်ပြန် ရေမိုးချိုး အဝတ်လဲဖို့ အချိန်ဘယ်ရတော့မလဲ"

သူက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ဒူးကို ဖျတ်ခနဲ လှမ်းပုတ်တယ်။ ဒုတိယအကြိမ် ကျွန်တော့်အသားကို ထိတာ။

"ဟုတ်ပြီ၊ ဒါဆို အဝတ်သွားရှာလိုက်မယ်"

◆

တင်မ်က ဝမ်းသာအားရ ပြောတယ်။

"နိုပ်တယ်ဟေ့၊ အံကိုက်ပဲ၊ လည်ပင်းတော့ နည်းနည်းကျပ်တယ်၊ ဒါပေမဲ့ မသိသာပါဘူး"

မှန်ထဲမှာ ပေါ်နေတဲ့ လူက ကျွန်တော် မဟုတ်သလိုပဲ။ ကော်တောင့်နေတဲ့ ရှပ်အင်္ကျီနဲ့၊ လည်စည်းနဲ့။ ကျွန်တော် လည်စည်း မစည်းတာ ကမ္ဘာလောက် ကြာခဲ့ပြီလေ။ ကျွန်တော် ပျော်နေသလား၊ ဘာလား မဝေခွဲနိုင်အောင်

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်နေတယ်။ တင်မ်ကတော့ တတွတ်တွတ်နဲ့ ပြောရင်း သဘောကျနေတယ်။

"ဒီကောင်မလေး ဘာစိတ်ကူးပေါက်တာပါလိမ့်"

"မသိပါဘူးဗျာ"

သူက ရယ်ပြီး ဖိနပ်ကြိုး ငုံ့ချည်ရင်း ပြောတယ်။

"ကျွန်တော် ပြောရဲတယ်၊ ကောင်မလေး ကိုရင့်ကို ကြွေနေပြီ"

◆

တပ်ထဲမှာ ကျွန်တော်တို့ တပ်တွင်းဘုန်းကြီး ရှိပါတယ်။ အများအားဖြင့် လူတော်တွေပါ။ အခြေစိုက်စခန်းမှာ တပ်ဘုန်းကြီးနှစ်ပါးနဲ့ ကျွန်တော် သိကျွမ်းခဲ့တယ်။ တစ်ပါးရဲ့နာမည်က တက်ဒ်ဂျန်ကင်းတဲ့။ တွေ့တွေ့ချင်း ကြည်ညို သဒ္ဓါ ပွားချင်စရာ ပုဂ္ဂိုလ်မျိုးပါ။ အသောက်အစားလည်း မရှိဘူး။ ကျွန်တော်တို့နဲ့တော့ အသွင်မတူဘူးပေါ့လေ။ ဒါပေမဲ့ သူရောက်လာရင် အားလုံးက ကြိုဆိုကြတယ်။ သူ့မှာ မိန်းမ ရှိတယ်။ အမြွှာလေးနှစ်ယောက် ရှိတယ်။ သူ့စစ်သက်က ဆယ့်ငါးနှစ်ရှိပြီ။ အိမ်ထောင်သည်ဘဝ အတွေ့အကြုံရော စစ်သားဘဝ ဗဟုသုတပါ သူ့မှာ အပြည့်ရှိတယ်။

သူနဲ့စကားပြောရင် သူက နားထောင်တာ များတယ်။ ဘုရားသခင် အကြောင်း သူပြောရင်လည်း သူငယ်ချင်းတွေအကြောင်း ပြောသလိုပဲ ပြောတယ်။ ဓမ္မကထိကလေသံ မပါဘူး။ တနင်္ဂနွေနေ့မှာ ဘုရားဝတ်ပြုဖို့လည်း ဘယ်တော့မှ အတင်းမခေါ်ဘူး။ တစ်ယောက်ယောက်အပေါ်မှာ ရှိနေတဲ့ ဖိစီးမှုကို ဖယ်ရှားပေးတတ်တယ်။ စိတ်ဓာတ်မြှင့်တင်ပေးတယ်။ အဲဒီနည်းနဲ့ သူဟာ မိမိကိုယ်သာ ကိုးကွယ်ရာ စိတ်မျိုး သွင်းပေးတယ်။ ဘော်လ်ကန်ကို ကျွန်တော့်တပ်စိတ် မထွက်ခင်မှာ တော်တော်များများ ဘာသာရေးသမားတွေ ဖြစ်ကုန်တယ်။

ကျွန်တော်ဟာ ငယ်ငယ်ကလေးမှာ ဘာသာရေးအစဉ်အလာအရ ရေဖျန်းမင်္ဂလာ ပြုခဲ့ရတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အဲဒီလမ်းကြောင်းပေါ်ကို သိပ်မလျှောက်ဖြစ်တော့ဘူး။ အဖေ ဘုရားကျောင်းသွားရင် မလိုက်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်လာမယ်ဆိုတာ မသိဘူး။ နောက်တော့ ဘုရားကျောင်း လိုက်သွားဖြစ်တယ်။ အင်း... မဆိုးပါဘူးလို့ တွေးမိလာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဓမ္မဆရာက အတင်းရိုက်မသွင်းဘူး။ ဂီတသံကလည်း ပြေပြေကလေး။ ဒီတော့ ဘုရားရှိခိုးရတာ ဟိုတုန်းကလို ပျင်းစရာ မကောင်းတော့ဘူးပေါ့။ အဖေနဲ့လည်း ပြောစရာခေါင်းစဉ်တစ်မျိုးမျိုး ရချင် ရမှာပေါ့။ အဲဒီ အကျိုးဆက်ကြောင့် ခုလို ဆာဗာနာနဲ့ စကားစမြည်ပြောနိုင်တာလည်း ဖြစ်မှာပေါ့။

ဆာဗာနာက ကျွန်တော်နဲ့ တင်မ်ကြားမှာ ထိုင်တယ်။ သူ သံနေသံထားနဲ့ ဘုရားရှိခိုးတာကို ကျွန်တော် အသာစွေကြည့်လိုက်တယ်။ ခပ်တိုးတိုးနဲ့ ရွတ်ဖတ်နေတဲ့ အသံကလေးက သာယာနာပျော်ဖွယ်။ သိပ်နားထောင်ကောင်းတယ်။ တင်မ်က ဘုရားရှိခိုးစာအုပ်ကနေ မျက်နှာမခွာဘဲ ရွတ်ဖတ်သရဇ္ဈာယ်နေတယ်။ ဝတ်ပြုပြီးလို့ အပြင်ထွက်တော့ သူက ဓမ္မဆရာ ခင်ကြီးဆီ လျှောက်သွားတယ်။ ဆာဗာနာနဲ့ ကျွန်တော်က အပြင်က သစ်ပင်ရိပ်မှာ သူ့ကို ရပ်စောင့်နေရတယ်။ သူက တရားဟောဆရာ ခင်ကြီးနဲ့ စိတ်ပါလက်ပါ စကားပြောနေတယ်။

ကျွန်တော်က တင်မ်ဘက်ကို မေးငေါ့ပြီး မေးလိုက်တယ်။

"သိဟောင်း ကျွမ်းဟောင်းတွေလား"

သစ်ပင်ရိပ်မှာ ရပ်နေပေမယ့် ပူလွန်းလို့ ချွေးတွေ ပြန်လာတယ်။

"မဟုတ်ဘူး၊ သူ့အဖေနဲ့သိတာ၊ ဒီခင်ကြီးအကြောင်းကို သူ့အဖေက စုံစမ်းနေတာလေ"

ဆာဗာနာလည်း ပူလွန်းလို့ ပါလာတဲ့ ယပ်တောင်ကလေးနဲ့ ယပ်ခတ်နေတယ်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး ပြောတယ်။

"သူလိုက်လာတာ သိပ်အဆင်ပြေသွားတယ်"

"ကိုယ်လည်း ပျော်ပါတယ်"

"ဆာပြီလားဟင်"

"အိမ်ပြန်ရောက်မှ စားရမှာလား"

"အိမ်မှာတော့ အများကြီးချက်ထားတယ်လေ၊ လိုက်ခဲ့ပေါ့၊ တင်မ်ရဲ့ အဝတ်တွေလည်း ပြန်ပေးရဦးမှာ မဟုတ်လား၊ အရမ်းအိုက်နေတယ် ဟုတ်လား"

"ဒါလောက်က ခံနိုင်ပါတယ်၊ သံခမောက်နဲ့၊ စစ်ဖိနပ်နဲ့၊ ရှေ့တန်းပစ္စည်းတွေ တစ်ကိုယ်လုံးအပြည့်နဲ့တောင် နေခဲ့ရသေးတာပဲ"

ကျွန်တော့်ကို စွေကြည့်တယ်။

"သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ အဲဒီလိုမျိုးပြောတဲ့သူ ကျွန်မတို့

mgyoe.com

mgyoe.com SAMPLE BOOK

အသိုင်းအဝိုင်းမှာ မရှိဘူး"

"မင်း ကိုယ့်ကို ပင့်နေတာတော့ မဟုတ်ပါဘူးနော်"

"တကယ် ဗဟုသုတရပါတယ်"

သူက သစ်ပင်ကို မှီလိုက်တယ်။ စိတ်ထဲ ကျက်သရေရှိတယ်လို့ ထင်လိုက်တယ်။

"ဟော… ဟိုမှာ တင်မ် ပြီးတော့မယ် ထင်တယ်"

သူကြည့်တဲ့ဆီကို ကျွန်တော် လိုက်ကြည့်လိုက်တော့ ဘာမှ ထူးထူးခြားခြား မတွေ့ဘူး။

"တင်မ်ပြီးတော့မယ်လို့ ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"သူ့လက်နှစ်ဖက် အနေအထားကို ကြည့်ပြောတာလေ။ သူ နှုတ်ဆက်တော့မယ် ကြည့်နေ"

သူပြောတဲ့အတိုင်း တင်မ်က ခင်ကြီးကို နှုတ်ဆက်ပြီး ကျွန်တော်တို့ဆီ လျှောက်လာတယ်။ သူက သူ့ဟောကိန်း မှန်သွားလို့ သဘောကျနေတယ်လေ။ ကျွန်တော်ကပါ သဘောကျလိုက်မိတော့ သူက ပခုံးတွန့်ပြီး ပြောတယ်။

"မြို့ငယ်ကလေးမှာနေတော့ အားအားရှိ လူတွေပဲ လိုက်ကြည့်နေရတော့ လူတွေအကြောင်း အလွတ်ရနေတယ်လေ"

အနားရောက်တော့ တင်မ်က လက်မြှောက်ပြပြီး လှမ်းပြောတယ်။

"ဟေး… ဟိုနှစ်ယောက် ပြန်ကြတော့မှာလား"

ဆာဗာနာက ပြန်ပြောတယ်။

"အင်းလေ… တင်မ်ကို စောင့်နေတာ"

"ဆောရီးကွာ၊ ကိုယ် လေရှည်သွားတယ်"

"မဆန်းပါဘူး၊ လေက အမြဲရှည်တာပဲ၊ ဘယ်သူနဲ့တွေ့တွေ့"

"အေးပါကွာ၊ ကိုယ်သိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် မနိပ်မှန်းလေ"

ဆာဗာနာရယ်တော့ အင်း… သူတို့နှစ်ယောက် တော်တော့်ကို ရင်းနှီးကြတာပါလားဆိုပြီး စိတ်ထဲ အဝေးကြီးရောက်သွားသလို ခံစားလိုက်ရတယ်။ ဒါပေမဲ့ ကားဆီကို သုံးယောက်သား လျှောက်သွားကြရင်း သူက ကျွန်တော်နဲ့ လက်လာတွဲတော့ စိတ်ထဲ စနိုးစနောင့် ဖြစ်တာကလေးတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတယ်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့အိမ်ကြီးကို ပြန်ရောက်တော့ အားလုံးနိုးနေကြပြီ။ အများစုက ရေကူးဝတ်စုံတွေ ဝတ်ထားကြတယ်။ အသားညိုအောင် နေလှန်းကြတော့မယ်။ အချို့ကတော့ အပေါ်ထပ်မှာ အပျင်းထူနေကြဆဲ။ ကမ်းစပ်ကို ရောက်သွားသူတွေကတော့ ဟိုတစ်စု ဒီတစ်စုနဲ့ ရေထဲဆင်းဖို့ ပြင်နေကြတယ်။

သီချင်းတွေ အကျယ်ကြီးဖွင့်ထားတော့ တစ်အိမ်လုံး ဆူညံနေတယ်။ ရေခဲသေတ္တာထဲမှာ ဘီယာတွေအပြည့် ပြန်ဖြည့်ထားတယ်။ တချို့က စောစောစီးစီး တွယ်နေကြပြီ။ ညက အရှိန်ကြောင့် မိုးလင်းလို့ ခေါင်းအုံနေရင် ဖြေကြသတဲ့လေ။ ရှေးဟောင်းကုထုံးတဲ့လေ။ ကျွန်တော်ကတော့ ဘုရားကျောင်းက အပြန်မို့ မသောက်တော့ဘဲ အဝတ်တန်းလဲတယ်။ တင်မ်ရဲ့ အဝတ်တွေကို သေသေချာချာ ပြန်ခေါက်ပေးတယ်။ ဒါတော့ ကျွန်တော် ကျွမ်းတယ်လေ။ စစ်တပ်က သင်ပေးထားလို့။ ပြီးတာနဲ့ မီးဖိုခန်းထဲ ဝင်လိုက်သွားတယ်။ တင်မ်က အသားညှပ်မုန့်တွေ ပန်းကန်ပြားထဲ ထည့်နေရာက ကျွန်တော့်ကို လှမ်းပြောတယ်။

"စားစရာတွေက ထောင်ပုံရာပုံပဲ၊ မနေ့က ဈေးဝယ်တဲ့ အဖွဲ့ထဲ ကျွန်တော် ပါသွားတယ်လေ၊ စိတ်ကြိုက်သာ ထည့်စားတော့"

သူက လက်ဆေး၊ လက်သုတ်ပြီး ကျွန်တော့်ကို လှမ်းပြောတယ်။

"ကဲ… ကျွန်တော့်အလှည့်၊ အဝတ်သွားလဲလိုက်ဦးမယ်၊ ဆာဗာနာခုပဲ ထွက်လာလိမ့်မယ်"

သူ ထွက်သွားတော့ အိမ်ကြီးကို ကျွန်တော် ဝေ့ကြည့်လိုက်တယ်။ ပင်လယ်ကမ်းခြေအိမ်ကြီးနဲ့တူအောင် ပြင်ဆင်ထားတာ တွေ့ရတယ်။ ပရိဘောဂတွေက ကြိမ်ထိုးပစ္စည်းတွေ၊ မီးအုပ်ဆောင်းတွေက ခရုခွံတွေ၊ မီးလင်းဖိုပေါ်မှာ မီးပြတိုက်ပုံစံ ကျောက်ရုပ်ကလေးတွေ။ ပန်းချီကားတွေက ပင်လယ်ရှုခင်းတွေချည်း။

လူစီ့အဖေနဲ့ အမေမှာ ဒီလို အိမ်ကြီးမျိုး ရှိတယ်။ ဒီမှာတော့ မဟုတ်ဘူး။ ဘော်လ်ဟက်ကျွန်းမှာ။ သူတို့က မငှားဘူး။ နွေရာသီမှာ သူတို့မိသားစု သွားနေတယ်။ အဘိုးကြီးက ခုထက်ထိ ဝင်စတန်ဆာလမ်းမှာ အလုပ်လုပ်တုန်း။ သူ့အဘွားကြီးက တစ်ပတ်မှာ နှစ်ရက် အိမ်ပြန်တယ်။ လူစီ့မှာ ကျွန်တော်ပဲ အဖော်ရှိတယ်။ အဘိုးကြီး၊ အဘွားကြီး အဲဒီလို မထားခဲ့သင့်ဘူး။ မထားခဲ့ရင် အဲဒီလို ဖြစ်မှာ မဟုတ်ဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟေး... ဂျွန်"

ဆာဗာနာ ပြန်ရောက်လာတယ်။ ရေကူးဝတ်စုံလေးနဲ့။ ဒါပေမဲ့ ဘောင်းဘီတို ထပ်ဝတ်လာတယ်။ ကျွန်တော့်ကို သေသေချာချာကြည့်ပြီး ပြောတယ်။

"အင်း... ခုမှ ပုံမှန် ပြန်ဖြစ်သွားတယ်"

"ဟင်... စောစောက ဘာဖြစ်နေလို့လဲ"

"အင်္ကျီလည်ပင်းက ကျပ်နေတော့ မျက်လုံးပြူးထွက်နေတယ်လေ"

ကျွန်တော် ပြုံးလိုက်မိတယ်။

"တင်မ်က အသားညှပ်မုန့်တွေ လုပ်ထားခဲ့တယ်တဲ့"

"အတော်ပဲ၊ ဆာဗာနာ အရမ်းဆာနေပြီ"

သူ မီးဖိုခန်းထဲ လျှောက်သွားပြီး ပြန်မေးတယ်။

"ယူပြီးပြီလား"

"ဟင့်အင်း မယူရသေးဘူး"

"ယူလေ၊ စားကြရအောင်၊ တစ်ယောက်တည်းစားရမှာ ပျင်းစရာကြီး"

ကျွန်တော်တို့နှစ်ယောက် မတ်တတ်ပဲ စားကြတယ်။ ကျွန်တော်တို့ မီးဖိုခန်းထဲမှာ ရှိနေမှန်း အပေါ်ထပ်က ကောင်မလေးတစ်သိုက် မသိဘူး။ ညက သူတို့ကဲကြပုံတွေကို ပြန်ပြောနေကြတယ်လေ။ သူတို့ပြောနေပုံတွေက ပရဟိတလုပ်ငန်းနဲ့ လူမှုရေးကိစ္စအတွက် ထွက်လာကြတာနဲ့ မတူဘူး။ ဆာဗာနာက နှာခေါင်းရှုံ့ပြီး ရေခဲသေတ္တာဆီ လျှောက်သွားတယ်။

"တစ်ခုခုသောက်မယ်၊ သောက်မယ် မဟုတ်လား"

"ရေဆို တော်ပါပြီ"

သူက ကုန်းပြီး ပုလင်းနှစ်လုံးယူတယ်။ သူ့ကို မကြည့်ဘဲနေဖို့ ကျွန်တော် ကြိုးစားပါတယ်။ ဒါပေမဲ့ မအောင်မြင်ဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကြည့်ကောင်းကောင်းနဲ့ ကျွန်တော် ကြည့်နေတာ။ ကျွန်တော် ကြည့်နေတာ သူ သိနေသလားလို့ အကဲခတ်လိုက်တယ်။ ပြန်လှည့်လာတော့ သူ့မျက်နှာကလေး ပန်းရောင်ပြေးနေတယ်။ သူ သိမှာပါ။ ပုလင်းနှစ်လုံးကို သူ ကောင်တာပေါ် သွားတင်တယ်။ ရေပုလင်းတွေ မဟုတ်ဘူး။

"ဒါပြီးရင် ရေကူးမယ်၊ လှိုင်းစီးမယ် မဟုတ်လား"

"အင်း... ကူးရ၊ စီးရတော့မှာပေါ့"

◆

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီတစ်နေ့လုံး ကျွန်တော်တို့ ရေဆော့ကြပါတယ်။ သူ့ကို လှိုင်းစီး ဘုတ်ပြား ပေါ်မှာ လှဲနေပုံကို ကြည့်ရတာလည်း ကျွန်တော် သဘောကျတယ်။ နိမ့်ချည် မြင့်ချည်နဲ့ စီးနေပုံကိုလည်း ပိုသဘောကျတယ်။ သဲပြင်ပေါ်မှာ လှဲပြီး နေစာလှုံနေပုံကတော့ ကြည့်လို့အကောင်းဆုံးပဲ။ ကျွန်တော် ကြည့်ကောင်းကောင်း နဲ့ ကြည့်နေတာကိုလည်း သူက သဘောကျနေပုံပါပဲ။ လှိုင်းစီးရင်းလည်း သူ့ကို ကြည့်နေမိတာပါပဲ။ ဘယ်လိုပဲ ကြည့်ကြည့် ကြည့်လို့ မဝနိုင်တဲ့ မိန်းကလေးမျိုးပါ။

ညနေစောင်းတော့ မျက်နှာသုတ်ပဝါကြီးတွေခင်းပြီး နှစ်ယောက်သား ယှဉ်ရက်သား လှဲနေကြတယ်။ သိပ်ပူးပူးကပ်ကပ်ကြီး မဟုတ်ပါဘူး။ တော်တော်များများက ပြန်တက်သွားကြပြီ။ တချို့က ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြတယ်။ ဒါပေမဲ့ ကျွန်တော် ရောက်နေတာကို သူတို့ သတိသိပ် မထားမိကြပါဘူး။ သတိထားမိတာ နှစ်ယောက်ပဲ ရှိတယ်။ ဆူဆန်နဲ့ ရန်ဒီ ပါ။ ရန်ဒီက ဘရက်နဲ့ ဆူဆန်တို့နားမှာ ကပ်ပြီး ယောင်ခြောက်ဆယ် လုပ်နေ တယ်။ တင်မ်ကိုတော့ အရိပ်အယောင်တောင် မတွေ့ဘူး။

ဆာဗာနာက သောင်ပြင်ပေါ်မှာ အလျား မှောက်နေတယ်။ မျက်နှာ လွှဲရ အတော်ခက်တဲ့ အနေအထား။ ကျွန်တော်က သူ့ဘေးမှာ ပက်လက် လှန်လို့။ မျက်စိမှိတ်ထားပေမယ့် စိတ်ရဲ့ တည်ငြိမ်မှုကို မရနိုင် ဖြစ်နေတယ်။

အဲဒီမှာ သူက စကားစတာ။

"အဲဒီ တက်တူးတွေအကြောင်း ပြောပြပါလား"

သဲထဲက ဦးခေါင်းကို သူ့ဘက် လှည့်လိုက်ပြီး-

"ဘယ်လို ပြောရမှာလဲ"

"မသိဘူးလေ၊ ဘယ်လိုကြောင့် ထိုးတယ်၊ အဲဒီ အရုပ်တွေက ဘာအဓိပ္ပာယ်လဲ၊ ဘာညာ ဘာညာပေါ့"

သဲပေါ်ကို တံတောင်နဲ့ထောက်ပြီး ကိုယ်တစ်ပိုင်း မတ်လိုက်တယ်။ ဘယ်ဘက်လက်မောင်းကို လက်ညှိုးထိုးပြပြီး စွန်တစ်ကောင်ရဲ့ စာတန်းကို ပြလိုက်တယ်။

"အဲဒါက ခြေလျင်တပ်ရင်း အမှတ်တံဆိပ်၊ ဟောဒီဟာတွေက..."

စာတန်းအကြောင်း ဆက်ရှင်းပြတယ်၊ တပ်စိတ်၊ တပ်ခွဲ၊ တပ်ရင်း၊ တပ်မ အမှတ်အသားတွေနဲ့ ကိုယ်ပိုင်နံပါတ်။

mgyoe.com

mgyoe.com

"မြန်မြန်ပစ် ဆိုတာ ဘာအဓိပ္ပာယ်လဲ"

"အဲဒါက ကိုယ့်နာမည်၊ တပ်ကပေးတဲ့ နာမည်၊ အခြေခံသင်တန်း တက်တော့ ကိုယ်တို့ အချစ်တော် သင်တန်းမှူး တပ်ကြပ်ကြီး ပေးတဲ့ နာမည်။ ကိုယ်က သေနတ်ပစ်တဲ့နေရာမှာ မမြန်ဘူး၊ အဲဒါကြောင့် ဒီနာမည်ရတာ"

သူက အရွှန်းဖောက်တယ်။

"အဲဒီ တပ်ကြပ်ကြီးက ချစ်စရာကြီး နေမှာနော်"

"သိပ်ဟုတ်တာပေါ့၊ ကိုယ်တို့ အားလုံးက သူ့ကို လူစီဖာ*လို့ နာမည်ပေးထားတယ်လေ၊ သူ့နောက်ကွယ်ရာမှာမှ ခေါ်ရဲတာနော်"

သူက ပြုံးပြီး ထပ်မေးတယ်။

"ဒါဖြင့် အဲဒီ အပေါ်က သံဆူးကြိုးကြီးက ဘာလဲ"

ကျွန်တော်က ခေါင်းယမ်းပြီး ပြန်ပြောလိုက်တယ်။

"ဟာ… အဲဒါက တပ်ထဲ မဝင်ခင်ကတည်းက ထိုးထားတာ"

"ဒါဖြင့် ဟိုဘက် လက်မောင်းက ဟာကကော"

အဲဒါက တရုတ်စာလုံး။ အဲဒီ အကြောင်း ကျွန်တော် ပြန်မပြော ချင်ဘူး။ ကျွန်တော်က ခေါင်းယမ်းလိုက်ပြီး-

"အဲဒါက အလကားပါကွာ၊ ယယ်ယယ်ရွယ်ရွယ် ရှုံးရှုံးမိုက်မိုက် အချိန်ကပါ"

"အဲဒါ တရုတ်စာလုံး မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါဆို ဘာလဲ၊ အဓိပ္ပာယ်တော့ ရှိရမှာပေါ့၊ သူရသတ္တိလား၊ ဂုဏ်ပြုသင်္ကေတ တစ်ခုလား"

"မဟုတ်ဘူး၊ ညစ်တီးညစ်ပတ် စကားလုံး"

"ဟောတော့… ဟုတ်လား"

မျက်တောင် ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ပြောလိုက်တယ်။

"စောစောက ပြောခဲ့သလိုပေါ့၊ ခုတော့ ဘာမှ အဓိပ္ပာယ် မရှိ တော့ပါဘူး"

"ဒါဆို တရုတ်ပြည်ရောက်သွားရင် မျက်နှာပူရမယ့် ဟာမျိုးကြီးပေါ့"

ကျွန်တော်က ရယ်ပြီး ဝန်ခံလိုက်တယ်။

---

* Lucifer = နိဗ္ဗာန်ကို မယုံကြည်သူ၊ မကောင်းဆိုးဝါး။

mgyoe.com SAMPLE BOOK

"အင်း… ဆိုပါတော့"

သူက ခဏတွေသွားပြီးမှ မေးတယ်။

"ငယ်ငယ်တုန်းက အဲဒီလို ထင်ရာစွတ်လုပ်တဲ့ ပုံစံလေးလားဟင်"

ကျွန်တော် ခေါင်းညိတ်ပြီး ဒုတိယအကြိမ် ဝန်ခံလိုက်ရပြန်တယ်။

"ခုတော့ ကိုယ်ပြောင်းလဲခဲ့ပါပြီကွာ၊ အဲဒါတွေက ရူးတုန်းမိုက်တုန်း အရွယ်က ဖြစ်ခဲ့တာတွေပါ"

"အဲဒါတွေကြောင့် တပ်ထဲဝင်သွားတာလားဟင်"

"ကိုဖ့်အတွက် အလိုက်ဆုံးနေရာဟာ စစ်တပ်ပဲလေ"

သူ ခဏဆိုင်းပြီးမှ မေးတယ်။

"တပ်ထဲမဝင်ခင်တုန်းကဆိုရင် ရေထဲ ပြုတ်ကျသွားတဲ့ အိတ်ကို လိုက်ဆယ်ပေးပါ့မလား"

"ဟင့်အင်း၊ အဲဒီအဖြစ်ကိုကြည့်ပြီး ရယ်နေမိမလားပဲ"

ကျွန်တော့်အဖြေကို သူ ခဏ စဉ်းစားနေတယ်။ ယုံသင့်၊ မယုံသင့် ချီတုံချတုံ ဖြစ်နေပုံ။ ပြီးတော့မှ သက်ပြင်းရှည်ကြီး ချတယ်။

"အင်း… တပ်ထဲဝင်ဖြစ်တာ ဝမ်းသာစရာပေါ့၊ အဲဒီအိတ်က ကျွန်မအတွက် အရေးကြီးတယ်လေ"

"တော်သေးတာပေါ့ကွာ"

"ပြီးတော့ကော"

"ပြီးတော့ ဘာဖြစ်ရမှာလဲ"

"ကျွန်တာ ဆက်ပြောလေ"

"ဘာတွေ ပြောရမှာလဲ၊ အမိက ဘာတွေ သိချင်မှန်းမှ မသိတာ"

"ဘယ်သူ့ကိုမှ မပြောဖူးသေးတဲ့ အကြောင်းတွေပြော"

သူ့မေးခွန်းကို ကျွန်တော် စဉ်းစားပြီး ရှေးဟောင်းအကြွေစေ့တွေ အကြောင်း လျှောက်ပြောနေလိုက်တယ်။

"ဟင်… အဲဒီ အကြောင်း စိတ်ဝင်စားတယ်၊ ဟုတ်လား"

"အဲဒီ အကြောင်း ပြောရရင် အရှည်ကြီးရယ်"

"ပြောလေ အချိန်တွေ အများကြီး ရှိသေးတာပဲ"

ကျွန်တော် ချီတုံချတုံ ဖြစ်နေတုန်းမှာ သူက အိတ်ကို လှမ်းဆွဲပြီး ဆေးဘူးတစ်ဘူး ထုတ်ယူတယ်။ နေပူခံဆေးရည်ဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

"ရော့ ကျောလိမ်းပေး၊ ပြီးမှပြော၊ အသားတွေ အရမ်းပူလာလို့"

"အင်း... ရပါတယ်"

သူက မျက်ခုံးကလေးချီပြီး ပြောသေးတယ်။

"ပြီးရင် ပြောရမယ်နော်"တဲ့။

သူ့ပခုံးနဲ့ ကျောပြင်ကို ကျွန်တော် လိမ်းပေးတော့ သူ့အသားကလေးတွေ ပန်းနုရောင် သန်းလာတယ်။ လိမ်းပေးပြီးတော့ ကျွန်တော့်အဘိုး အကြောင်းနဲ့ အဖေ့အကြောင်း ပြောပြတယ်။ အကွေ့စေ့စုဆောင်းတဲ့ အကြောင်းရော၊ အဘိုးကြီးအဲလီယက်စဘတ်အကြောင်းပါ ပြောပြလိုက်တယ်။

တကယ်က ကျွန်တော် ပြောနေတာတွေက သူမေးတာထက်တောင် ပိုနေပြီ။ ဘာကြောင့် ရှည်ရှည်ဝေးဝေး လျှောက်ပြောနေမိမှန်း ကျွန်တော် ကိုယ်တိုင်လည်း မသိဘူး။ ကျွန်တော့်စကားဆုံးတော့ သူက ကျွန်တော့်ဘက် လှည့်ပြီး မေးတယ်။

"အဖေက ခုထက်ထိ အဲဒီ အလုပ် ဆက်လုပ်နေတုန်းပဲလား"

"ဒါပေါ့၊ အဲ... ကိုယ်သိပ်မသေချာဘူး၊ အဲဒီအကြောင်း စကား မစပ်မိကြဘူး"

"ဘာဖြစ်လို့"

အဖေနဲ့ ကျွန်တော့်အကြောင်းကိုပါ ဆက်ပြောနေမိတယ်။ ဘာပြုလို့ ဒါလောက် သူ့အပေါ် စိတ်ရှည်နေမှန်း ကျွန်တော်လည်း မသိဘူး။ သူ့ အလိုလိုက်ပြီး သူ့အကြိုက်ဆောင်နေတာပဲ ဖြစ်ပါလိမ့်မယ်။ ခုမှ သိတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော် အိတ်သွန်ဖာမှောက် ပြောပြနေတာပါ လား။ ကျွန်တော် ပြောပြီးတော့ သူ့အမူအရာ တစ်မျိုး ဖြစ်သွားတယ်။

"ကိုယ်က တော်းပါကွာ"

ဒါထက် ပိုပြီး သင့်လျော်တဲ့စကားလုံး ရှိပါရက်နဲ့ ကျွန်တော့်နှုတ်က ထွက်သွားတာပါ။ သူ ဘယ်လို ထင်သွားမလဲ မသိဘူး။

"မဟုတ်ပါဘူး၊ ဆာဗာနာတွေးနေတာက တစ်မျိုးပါ၊ ကျွန်မစိတ်ထဲ ဝှူန်နှစ်ယောက် ဖြစ်နေတယ်၊ ဟိုးတုန်းက ဝှူန်နဲ့ ဒီနေ့ဝှူန် မတူသလိုပဲ"

ဘာပြောရမှန်း မသိလိုက်တာနဲ့ ကျွန်တော် ငြိမ်နေလိုက်တယ်။

"အဖေက ဘယ်လို လူမျိုးလဲဟင်"လို့ သူက ဆက်မေးတယ်။

mgyoe.com